# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၂)၊ အမှတ် (၀၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂၆

ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏အငွေ့အသက်များ ခံစားနားလည်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး ဦးစီးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးကြည့်ရှုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁ ❍*

**ယနေ့ ဖတ်စရာ**

**ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်အတွင်းရှိ ဟိုက်ပါရေတံခွန်သို့ လာရောက်အပန်းဖြေသူ ပြန်လည်များပြားလာ**

ပြည်တွင်းသတင်း စာ - ၉

**ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်သဖြင့် ၂၀၂၃ ခရီးသွားရာသီအဖွင့်ကောင်းမွန်ရန် မျှော်မှန်းထား**

ပြည်တွင်းသတင်း စာ - ၁၈

**နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိဖို့ မျိုးကောင်းကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးကြပါစို့**

ဆောင်းပါး စာ - ၂၀




မြန်မာ့အလင်း

## တက်ကြွသော အင်အားများဖြင့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် အဆုံးအဖြတ်ပေးနိုင်သည့် အကြောင်းတရားများသည် ပြည်ပတွင် မရှိဘဲ ပြည်တွင်း၌သာ ရှိနေသည်ဟု ပညာရှင်တို့က ဆိုကြသည်။ နိုင်ငံတစ်နိုင်ငံ ဆင်းရဲနွမ်းပါးနေသည်ကို လေ့လာကြည့်လျှင် ယင်းနိုင်ငံသည် မိမိတွင်ရှိနေသော ငွေကြေးအင်အား၊ ရုပ်ဝတ္ထုအင်အားနှင့် လူအင်အားတို့ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ ထိထိရောက်ရောက် မစုစည်း၊ မသုံးစွဲနိုင်သည်ကို တွေ့မြင်ရမည်ဖြစ်သည်ဟူ၍လည်း အဆိုရှိသည်။

ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြင်ပအကြောင်းအရာများဖြစ်သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား စစ်ရေး၊ နိုင်ငံရေးအားပြိုင်မှုများ၊ ကမ္ဘာ့ရွှေဈေး၊ ရေနံဈေး မတည်ငြိမ်မှုများမှတစ်ဆင့် အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ အမေရိကန်ဒေါ်လာ ငွေကြေးတန်ဖိုးမြင့်တက်ခြင်းကြောင့် အခြားနိုင်ငံများ၏ ပြည်တွင်းသုံးငွေတန်ဖိုးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ခြင်း စသည့်ဖြစ်စဉ်များကြောင့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ရသည်။ ဤတွင် ပြင်ပအကြောင်းတရားများ ဟူသည် မိမိတို့ ပြုပြင်ဖန်တီး၍ မရနိုင်သောအရာများပင်ဖြစ်ပြီး ပြည်တွင်းအားဖြစ်သည့် ငွေကြေးနေအင်အား၊ ရုပ်ဝတ္ထုအင်အားနှင့် လူအင်အားတို့ကသာ မိမိတို့ပိုင်၊ မိမိတို့ ဖန်တီးနိုင်သော အရာများဖြစ်သည့်အလျောက် ပြည်တွင်းအားကိုသာ စုစည်းရယူသုံးစွဲသွားရမည်ဖြစ်သည်။

"မိမိတို့အနေဖြင့် မည်သည့်စိန်ခေါ်မှုပင်ရှိပါစေ ပြည်တွင်းအားသည် ပြည်တွင်း၌သာရှိသည် ဟူသည့် ခံယူချက်ဖြင့် မိမိတို့၏ အမျိုးသားရေးမူဝါဒနှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) တွင် ပြောကြားခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်နှင့် လာမည့်ဘဏ္ဍာရေးနှစ်တို့အတွင်း ပြည်သူများ၏ လူမှုစီးပွားရေးဘဝများ အလျင်အမြန် ပြန်လည်တိုးတက်လာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အားပေးမြှင့်တင်သွားရန်၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအားပေးသွားရန်၊ ပြည်ပမှ ကုန်ပစ္စည်းများ မှာယူတင်သွင်းနေရသည်များကို အတတ်နိုင်ဆုံးလျှော့ချပြီး ပြည်တွင်းထုတ်ကုန်များကို အစားထိုးသုံးစွဲနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်သွားကြရန်လည်း ထည့်သွင်းမှာကြားခဲ့သည်။

ခေတ်၊ ရုပ်ဝတ္ထုနှင့် လူဟူသော ပြည်တွင်းအရင်းအမြစ်အင်အားသုံးရပ်တွင် လူသားအရင်းအမြစ်က အရင်းခံအကျဆုံးဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်ကို စုစည်းကာ ထိရောက်စွာအသုံးချနိုင်ခြင်းအားဖြင့် ကျန်အရင်းအမြစ်နှစ်ရပ်ကိုလည်း အကျိုးရှိဆုံး အသုံးချလာနိုင်မည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဟု ဆိုရာတွင် အတတ်ပညာ၊ နည်းပညာနှင့် ကျွမ်းကျင်မှုပြည့်ဝသည့် တန်ဖိုးမြင့် လူသားအရင်းအမြစ်အဖြစ် လိုအပ်သည်သာမက ပြည်သူတစ်ရပ်လုံးက တက်ကြွသော အင်အား (Dynamic Force) များ ဖြစ်လာသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရှိန်အဟုန် မြင့်မားလာနိုင်မည်ဖြစ်ပါကြောင်း။ ။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး"

UNITE! Activism to End Violence Against Women & Girls

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက် မှ ဒီဇင်ဘာလ (၁၀)ရက်

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် "(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်"အဖြစ် ဆောင်းပါး ပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ (၇၅) နှစ် စိန်ရတုတိုင် ဖြတ်သန်းခဲ့သည့် လွတ်လပ်ရေး၏ အနှစ်သာရများ၊ သမိုင်းမှတ်တမ်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့၏ ပုံရိပ်များနှင့် လွတ်လပ်ရေးကိုထိန်းသိမ်းစောင့်ရှောက်ရမည့် မွန်မြတ်သောရည်ရွယ်ချက်များ အစရှိသည်တို့ကို ဖော်ညွှန်းရေးသားထားသော ဆောင်းပါးများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့် စာမူများအား Pyidaungsu Font Size 13 ဖြင့် စာမျက်နှာ ငါး မျက်နှာမှ ခုနစ်မျက်နှာအထိ ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်နှင့် Softcopy CD တစ်ခွေကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

ပြိုင်ပွဲဝင်စာမူများကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စာမူစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ရုံးအမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ် ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ပေးပို့လာသော စာမူများကို ပြိုင်ပွဲဆောင်းပါးအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထဲရေး ဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆွမ်းဆန်တော်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဥတ္တရဂုဏ်ရည်ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဇိနောဒယပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ဓမ္မစေတီထေရဝါဒ ပရိယတ္တိစာသင်တိုက်၊ ဒေါပုံမြို့နယ်ရှိ မင်းနန္ဒာပရိယတ္တိ စာသင်တိုက်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ သာသနဟိတပရိယတ္တိစာသင်တိုက်နှင့် သဃ်ာန်းကျွန်းမြို့နယ်ရှိ မဟာသုဝဏ္ဏကျောင်းတိုက်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းငမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း။

**ဆန်ကြာဆံလှူဒါန်း**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အာသောကာရုံပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥသာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ နန်းဦးကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရန်အောင်မြင်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများနှင့် မိသားစုဝင်များအတွက် အာမခံထားရှိမှုလုပ်ငန်းများဆိုင်ရာသိကောင်းစရာဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ကကြီးမှူး၍ သင်္ဘောသားများနှင့် မိသားစုဝင်များအတွက် အသက်အာမခံထားရှိမှုဆိုင်ရာ သိကောင်းစရာဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် CHUBB Life Insurance Myanmar Co; မှ Financial Advisor ဒေါ်နန်းနီနီအောင်က CHUBB Life Insurance Myanmar Co; အကြောင်း သိကောင်းစရာများကို မိတ်ဆက်ပြောကြားသည်။ ထို့နောက် Senior AgencyManager ကိုနန္ဒလင်းက သင်္ဘောသားများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် အသက် ၁၈ နှစ်မှ ၅၅နှစ်အထိထားရှိနိုင်မည့် အသက်အာမခံအကြောင်းကို လည်းကောင်း၊ အသက် ၇၄ နှစ်အထိရရှိခံစားနိုင်မည့် ကျန်းမာရေးအာမခံ၊ မတော်တဆအာမခံနှင့် ပြင်းထန်သည့် ရောဂါအာမခံအကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က တက်ရောက်လာကြသည့် သင်္ဘောသားများနှင့် မိသားစုဝင်များအား အာမခံထားရှိရေး။ မိမိတို့နှင့် သင့်လျော်မည့် အာမခံစနစ်များကို ဆွေးနွေးမေးမြန်း ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သင်္ဘောသားများနှင့် မိသားစုဝင်များက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူတို့က ရှင်းလင်းဖြေကြားကြသည်။

**မျိုးမင်းသူရ**



## အားပေးကြည့်ရှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားတွင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို အားပေးကြည့်ရှုစဉ်။

○ ရှေ့ဖုံးမှ

ဖွင့်ပွဲ အခမ်းအနားသို့ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဝန်ကြီးဌာနများနှင့် ရုံးဌာနအဖွဲ့အစည်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

### ကြိုဆိုနှုတ်ဆက်

ညနေ ၆ နာရီခွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကပွဲကျင်းပရာ လဟာပြင်ကဇာတ်ရုံသို့ ရောက်ရှိလာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ကပြသီဆိုဖျော်ဖြေ

ထို့နောက် ပဒေသာကပွဲကို အစီအစဉ်အတိုင်း ကျင်းပရာ ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)၊ ဝိုင်း၊ တင်မောင်ဆန်းမင်းဝင်းတို့က တာဝန်ယူတင်ဆက်သည့် "လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်"၊ သဘင်အစည်းအရုံးမှ အနုပညာရှင်များ ကပြသည့် "သုံးပန်ချီ သုံးပန်လှ (အပျိုတော်ကြီး)" အက၊ တေးသံရှင် ကေတုဝင်းထွဋ်က "ဂီတဗိမာန်" သီချင်း၊ တေးသံရှင် သန်းမြတ်စိုးက "လုလင်ငယ်သွေး" သီချင်း၊ တေးသံရှင် ရွှေထိုက်က "သီချင်းလေးအတိုင်း" သီချင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ အနုပညာရှင်များ စုပေါင်းသီဆိုဂုဏ်ပြုသည့် လွတ်လပ်ရေးနေ့ဂုဏ်ပြုပဏာမ တေးတစ်ပုဒ်ဖြစ်သော "စိန်ရတုတိုင်ခဲ့ပြီ" သီချင်း၊ တေးသံရှင် ထူးအယ်လင်းက "နေပါစေချစ်လို့နှင့် မင်းလေးနားလည်" သီချင်းများ၊ တေးသံရှင် ဇင်သူဇာထွန်းနှင့် ဇင်သူသူထွန်းတို့က "ဗွေးတုတ်" သီချင်း၊ တေးသံရှင် မင်းသားလေးက "တက္ကသိုလ်ကျောင်းသူ တစ်ဦး" သီချင်းတို့ဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒါရိုက်တာ ကိုသက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ "ပြန်လည်ဆုံတွေ့ကြရာဝယ်" နှစ်သံတစ်ကိုယ်တင်ဆက်မှု၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက လူရွှင်တော် Talent ပြိုင်ပွဲ၊ တေးသံရှင် ပူစူးက "နင်စေရင်" သီချင်း၊ တေးသံရှင် ဝိုင်းလမင်းအောင်က "တောင်လေ့ကားမြို့တော်" သီချင်း၊ အမေများအဖွဲ့နှင့် မမများအဖွဲ့က ဖျော်ဖြေတင်ဆက်သည့် "ရွှေစွန်ညိုတေးသရုပ်ဖော်" ကပြဖျော်ဖြေမှု၊ တေးသံရှင် ထားက "သုံးရောင်ခြယ်" သီချင်း၊ တေးသံရှင် Lဆိုင်းဇီက "လာချင်လျှင်အနီးလေးနှင့် ဂုဏ်ယူအလွမ်း" သီချင်းများ၊ တေးသံရှင် ရွှေယမင်းဦးက "ထိုးကွင်းလေးနဲ့ ခြင်းခတ်သူ" သီချင်း၊ ဒါရိုက်တာ ကိုဇော် (အာရုဏ်ဦး) ဖျော်ဖြေတင်ဆက်သည့် "ပျော်ရွှင်ခြင်းအိမ်" ပြဇာတ်၊ တေးသံရှင် မြန်မာပြည်သိန်းတန်နှင့်အဖွဲ့က ဖျော်ဖြေတင်ဆက်သည့် "ကောင်းသောည" တေးဂီတ ဖျော်ဖြေမှု၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးက ဖျော်ဖြေတင်ဆက်သည့် "မွန်ပြည်နယ်မှ စိုးသဘင်မင်းဗိုလ်ဇာတ်အဖွဲ့"၏ ဖျော်ဖြေတင်ဆက်မှု၊ ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်) က တာဝန်ယူ တင်ဆက်သည့် "စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအနားသတ်အစီအစဉ်"တို့ဖြင့် ကပြသီဆို ဖျော်ဖြေတင်ဆက်ကြသည်။




### ဂုဏ်ပြုဆုငွေများပေးအပ်

၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲ ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပဒေသာကပွဲတွင် ပါဝင်သီဆို ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားခဲ့သည်။

ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏ အငွေ့အသက်များ ခံစားနားလည်နိုင်စေရန်အတွက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်ပြီး ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသည့် ပြည်သူများကို ဖျော်ဖြေမှုပေးနိုင်ရန် ပထမဆုံးအကြိမ် ကျင်းပသည့် အကြီးကျယ်ဆုံး ပဒေသာကပွဲကြီးလည်း ဖြစ်သည်။ အဆိုပါ ပဒေသာကပွဲတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် နိုင်ငံ့ဝန်ထမ်းများနှင့် အနုပညာရှင်များက လေးလေးနက်နက် စေတနာပါပါဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရပြီး ပဒေသာကပွဲကြီးကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ကပြဖျော်ဖြေ တင်ဆက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပဒေသာကပွဲ ကပြဖျော်ဖြေတင်ဆက်နေမှုနှင့် ကြည့်ရှုသူများကို တွေ့ရစဉ်။



ပဒေသာကပွဲတွင် အနုပညာရှင်များ ဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

# မဲခေါင်ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်ခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် ထုတ်ကုန်ပြပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၆**

မဲခေါင်ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်ခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် ထုတ်ကုန်ပြပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Aster Villa ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Minister Counselor ဖြစ်သူ Dr. Zheng Zhihon နှင့် မဲခေါင်ဒေသတွင်း နိုင်ငံများမှ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များသည် Virtual စနစ်ဖြင့် တက်ရောက်သည်။

**အဓိကကုန်သွယ်မှုလမ်းကြောင်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မဲခေါင်မြစ်သည် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ အပါအဝင် နိုင်ငံပေါင်း ခြောက်နိုင်ငံကို ဖြတ်သန်းစီးဆင်းနေသည့် နယ်နိမိတ်ဖြတ် မြစ်တစ်ခုဖြစ်၍ တောင်တရုတ်နှင့် အရှေ့တောင်အာရှဒေသကို ဆက်သွယ်ပေးသည့် အဓိကကုန်သွယ်မှုလမ်းကြောင်းဖြစ်ကြောင်း၊ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်စေပြီး ဒေသတွင်း နိုင်ငံများ၏ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရာတွင် များစွာအရေးပါကြောင်း၊ ယခုပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို ကျဉ်းမြောင်းစေခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သုခချမ်းသာကို မြှင့်တင်ပေးနိုင်ပြီး အတူတူ မျှဝေခံစားနိုင်မည့် သာယာဝပြောသည့် အနာဂတ်အသိုက်အဝန်းကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

**ဈေးကွက်ချဲ့ထွင်**

ယခုအလုပ်ရုံ ဆွေးနွေးပွဲတွင် ယခင်ဆွေးနွေးပွဲများ၏ တုံ့ပြန်မှုနှင့် ရလဒ်များအပေါ်မူတည်ပြီး အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် E-Market Platform ကို ကျယ်ပြန့်စွာ အသုံးပြုနိုင်စေရေးအတွက် အသိပညာမျှဝေခြင်းအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် E-Market Platform ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပြီး အဆင်သင့်ဖြစ်သည့်အချိန်တွင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း ၁၀၀ ခန့်၏ ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချခွင့်ရရှိမည်ဖြစ်၍ Digital Platform ကို အသုံးပြုပြီး ဈေးကွက်ချဲ့ထွင်နိုင်မည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုထည့်သွင်းပြသရောင်းချနိုင်ရေးအတွက် ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ မြှင့်တင်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုနှီးနှော ဖလှယ်ပွဲမှ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများအတွက် အကျိုးရှိ ထိရောက်သော အတတ်ပညာ၊ အသိပညာများရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**အားပေးကြည့်ရှုစစ်ဆေး**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Minister Counselor ဖြစ်သူ Dr. Zheng Zhihon က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှု၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို အသီးသီးရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက E-Market Place for Myanmar Products Platform အား စတင်အသုံးပြုကြောင်း ကြေညာပြီး ထုတ်ကုန်ပြခန်းများကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

မဲခေါင်ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်ခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် ထုတ်ကုန်ပြပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး အဆိုပါနှီးနှောဖလှယ်ပွဲတွင် မဲခေါင်ဒေသတွင်း နိုင်ငံများ၏ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များမှ ၎င်းတို့ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံ၊ ဗဟုသုတ၊ အသိပညာ၊ နည်းပညာရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

မဲခေါင်-လန်ချန်းဒေသမှ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲမှတစ်ဆင့် စွန့်ဦးတီထွင်မှုဆိုင်ရာကိစ္စရပ်များနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာကိစ္စရပ်များ သိမြင်လာစေရန်၊ တရုတ်နိုင်ငံအပါအဝင် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်း နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများမှ လူငယ်လုပ်ငန်းရှင်များ အချင်းချင်းချိတ်ဆက်မိစေရန်၊ မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများ၏ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍအချင်းချင်း အသိပညာဝေမျှနိုင်စေရန်၊ ဆန်းသစ်တီထွင်မှုအလေ့အထကောင်းများကို လူငယ်များကြား ပေါ်ပေါက်လာစေရန်၊ E-Market Place ကဲ့သို့သော နည်းပညာများအသုံးပြု၍ ဆန်းသစ်တီထွင်မှု အလေ့အထများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဈေးကွက်ကို လွယ်ကူလျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ရှိ ခြောက်ခန်းတွဲ လေးထပ်အိပ်ဆောင် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး
# မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၂၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သို့ ရောက်ရှိပြီး ခြောက်ခန်းတွဲ လေးထပ်အား ကစားသမားအိပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(ယာပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ လှေလှော်အားကစားအဖွဲ့ချုပ်ရှိ လူငယ် အားကစားသမားများ၊ လက်ရွေးစင်အားကစားသမားနှင့် တွေ့ဆုံ၍ အားကစားသမားများ အတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် ဖိတ်ခေါ်ပြိုင်ပွဲများကိုလည်း စေလွှတ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်ရန် စေလွှတ်ခြင်းနှင့် ပတ်သက်၍ မြန်မာ့အားကစား အောင်နိုင်ရေးအတွက် အထောက်အကူပြုအကျိုးရှိစေရန် သေချာစိစစ်၍ စေလွှတ်ပေးနေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လှေလှော်အားကစားအဖွဲ့ချုပ်မှ တင်ပြတောင်းခံထားသည့် Gym ခန်း၌ အသုံးပြုမည့် လေ့ကျင့်ရေးစက်အမျိုးအစားကိုလည်း အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားပြီး စားရိပ်သာနှင့် အားကစားသမားများ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကျိုက္ကဆံအားကစားကွင်းရှိ အမျိုးသမီးအိပ်ဆောင်၊ အမျိုးသားအိပ်ဆောင်၊ စားရိပ်သာနှင့် စားဖိုဆောင်ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းသား သင်တန်းသူများနှင့်အတူ အထူးနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏသို့ ရောက်ရှိပြီး မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်များမှဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ငါးလသာလိုတော့သည့် အချိန်တွင် အချိန်မှန်မှန်လေ့ကျင့်မှုမှာ အဓိကကျသည့်အတွက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဖွဲ့ချုပ်များအနေဖြင့် နေပြည်တော်တွင် လေ့ကျင့်မှုများ ပြုလုပ်လိုပါကလည်း နေထိုင်စားသောက်ရေးကိစ္စရပ်များ ၊ လေ့ကျင့်မှုကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာ့အားကစား အာဆီယံနိုင်ငံများအကြား ရင်ပေါင်တန်းနိုင်အောင် ကြိုးစားရာမှတစ်ဆင့် ဂုဏ်ယူဝင့်ကြွားနိုင်သည်အထိ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တာဝန်ယူ ဆောင်ရွက်နေသော အားကစားနည်းအလိုက် ဆီးဂိမ်းတွင် အောင်မြင်မှုရရှိရေး ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များအား ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# Engineering Education Programs for New National Education System ဖိုရမ်ကျင်းပ

## နည်းပညာတက္ကသိုလ်များသည် စနစ်သစ်နှင့်ကိုက်ညီအောင် သင်ကြားပေးနိုင်ရန် သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီတို့ ပူးပေါင်းကျင်းပသည့် “Engineering Education Programs for New National Education System” ဖိုရမ်ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင် လမ်းရှိ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီ၌ ကျင်းပသည်။




ဖိုရမ်တွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က သင်ရိုးညွှန်းတမ်းများ ပြုပြင် ပြောင်းလဲရေးအတွက် KG+12 စနစ်ကို အခြေခံ၍ သင်ရိုး ညွှန်းတမ်းများ ရေးဆွဲလျက်ရှိ ကြောင်း၊ နည်းပညာတက္ကသိုလ် များသည် စနစ်သစ်နှင့် ကိုက်ညီ အောင် သင်ကြားပေးနိုင်ရန် သင်ရိုးညွှန်းတမ်းများကို ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ နည်း ပညာဆိုင်ရာ ဘာသာရပ်များကို ပြုပြင်ပြောင်းလဲရာတွင် Indus- trial ၏ ကျွမ်းကျင်မှုလိုအပ် ချက်၊ အသိပညာ လိုအပ်ချက် နှင့် အရည်အချင်း လိုအပ်ချက် များကို သေချာစွာ ထည့်သွင်း ရေးဆွဲရန်လိုကြောင်း ပြောကြား သည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက အင်ဂျင်နီယာ ပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများကို Virtual စနစ်ဖြင့် ပြောကြားပြီး မြန်မာ နိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌနှင့် အင်ဂျင်နီယာဘာသာ ရပ်ဆိုင်ရာ ပညာရှင်များက အင်ဂျင်နီယာ ပညာဖွံ့ဖြိုးတိုးတက် ရေးနှင့် ပတ်သက်၍ ဆွေးနွေး ပြောကြားကြသည်။

ဖိုရမ်ကို သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အနာဂတ် အင်ဂျင် နီယာပညာရေးစနစ် ဖော်ဆောင် ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပ သွားမည်ဖြစ်ကာ ဖိုရမ်သို့ မြန်မာ နိုင်ငံ အင်ဂျင်နီယာကောင်စီ၊ နည်းပညာတက္ကသိုလ်များ၊ မြန်မာ နိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ် များနှင့် ကောလိပ်နှင့် သိပ္ပံများ မှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးပညာရေးဒီဂရီကောလိပ် တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ တက်ရောက်ပြီးမြောက်ကြောင်း လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကျင်းပ

**မကွေး နိုဝင်ဘာ ၂၆**

မကွေးမြို့ မကွေးပညာရေးဒီဂရီ ကောလိပ် တိုင်းရင်းသားဘာသာ စကားသင် ဆရာ ဆရာမများ အတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲ တက်ရောက်ပြီးမြောက်ကြောင်း လက်မှတ်အပ်နှင်းပွဲကို ယမန် နေ့က မကွေးပညာရေး ဒီဂရီ ကောလိပ် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးတင့်လွင်နှင့် ဝန်ကြီး များ၊ တိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့ နာယက ဒေါ်ဝင်း ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ သင်ကြား ရေး ဆရာ ဆရာမများနှင့် တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများ တက်ရောက်ခဲ့ ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီး ချုပ်က တိုင်းဒေသကြီးအတွင်း ရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသား ဘာသာစကား သင်ကြားပို့ချပေးနေသည့် ဆရာ ဆရာမများအတွက် အရည် အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲကို မကွေးပညာရေး ဒီဂရီကောလိပ်မှ ၃-၁၁-၂၀၂၂ ရက်မှ ၂၅-၁၁-၂၀၂၂ ရက်အထိ သတ်မှတ်ဆွေးနွေးပွဲ အစီအစဉ် များနှင့်အညီ လေ့ကျင့်သင်ယူ ဆွေးနွေးခဲ့ကြသည့် ဆရာ ဆရာမ ၁၁၈ ဦး အောင်မြင်စွာ တက် ရောက်ခဲ့ကြသည့် အတွက်လည်း များစွာ ဂုဏ်ယူဝမ်းမြောက် ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် တိုင်းရင်းသားဘာသာ စကား စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်း မြှင့်တင်ရန် ဒေသခံတိုင်းရင်းသား ဘာသာစကားသင် ဆရာ ဆရာမ များကို ခန့်အပ်တာဝန်ပေးပြီး ကျောင်းများတွင် တိုင်းရင်းသား ဘာသာစကား ၆၃ မျိုးကို သင်ကြားပေးခြင်းသည် အသိ ပညာအတတ်ပညာများ တိုးတက် လာသည်နှင့်အမျှ ဝေါဟာရအခေါ် အဝေါ်၊ စကားအသုံးအနှုန်း အသစ်အဆန်းများ နေ့စဉ်နှင့်အမျှ ပေါ်ထွက်နေလေ့ရှိသောကြောင့် ဖြစ်ကြောင်း၊ ခေတ်နှင့်အညီ တိုးတက်လာသည့် အသိပညာ အတတ်ပညာများကို မိမိဘာသာ စကားနှင့် မပြောဆို၊ မရေးသား နိုင်လျှင် တိမ်ကောပျောက်ကွယ် သွားမည်ဖြစ်သလို တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ အနေနှင့်လည်း အတတ်ပညာများ ကို မိမိတို့ နားလည်သည့် ဘာသာ စကားနှင့် လေ့လာသင်ယူခွင့် မရရှိသည့်အတွက် ကျောင်းသား ကျောင်းသူများ၏ ပညာရေးအခွင့် အလမ်းများ ဆုံးရှုံးမှုများဖြစ်ပေါ် နိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိုလည်း အဟန့်အတားဖြစ်စေ မည်ဖြစ်ကြောင်း၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုများ ပျောက်လျှင် လူမျိုးပါ ပျောက်ကွယ်သွားသည့် သာဓကများ အများကြီးရှိပါ ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား ဘာသာစကားသင် ဆရာ ဆရာမ များအနေနှင့် ဆွေးနွေးပွဲကာလ အတွင်း စာတွေ့သင်ကြားမှုများကို လေ့လာဆည်းပူးခဲ့ကြပြီး မိမိတို့ တာဝန်ကျရာ ကျောင်းများတွင် စာတွေ့လက်တွေ့ ပေါင်းစပ်ကာ တိုင်းရင်းသား ကျောင်းသား ကျောင်းသူများကို ဘက်စုံဖွံ့ဖြိုး တိုးတက်သော နိုင်ငံသားကောင်း များ ဖြစ်လာစေရန် ပြုစုပျိုးထောင် ပေးကြရန် တိုက်တွန်းမှာကြား လိုပါကြောင်း၊ ဘက်စုံပညာ ထူးချွန် ထက်မြက်လာစေရန် ပြုစုပျိုးထောင်ရာတွင် အတတ် ပညာသာမက အသိပညာ၊ ခံယူ ချက်၊ သဘောထား၊ တာဝန်သိ စိတ်၊ တာဝန်ခံစိတ်၊ လူမှုပတ်ဝန်း ကျင်နှင့် ပူးပေါင်းဆောင်ရွက် တတ်သော စိတ်နေစိတ်ထား အလေ့အကျင့် ကောင်းများကို စာပေပညာများနှင့်အတူ ထည့် သွင်းလေ့ကျင့်ပေးရန် လိုအပ်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တမကျန် ဘက်စုံ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံသားကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြား သည်။




ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းရင်းသား ဘာသာစကားသင် ဆရာ ဆရာမ များကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ် ၃၅ သိန်းအား ထောက်ပံ့ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လူမှု ရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကို၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးထွန်းခင်နှင့် ကျောင်းအုပ်ဆရာမ ကြီး ဒေါ်ခင်မြင့်လှိုင်တို့က အရည် အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲ တက်ရောက် ပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်သူ တိုင်းရင်းသား ဘာသာစကားသင် ဆရာ တစ်ဦး က ကျေးဇူးတင်စကား ပြောကြား ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

## ပြင်ဦးလွင်မြို့ အထက(၄)၌ လူငယ်စကားဝိုင်း ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၂၆**

လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျောင်းသား ကျောင်းသူ များ ဗလငါးတန်နှင့် ပြည့်စုံစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ပြင်ဦးလွင်မြို့ အထက(၄)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငုချိုချိုကျော်က ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာအုပ်စာပေများ ဖတ်ရှုသည့်အလေ့အထများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ လူငယ် စကားဝိုင်းများကို အခြေခံပညာကျောင်းများတွင် ကျင်းပရခြင်းဖြစ် ကြောင်းပြောကြားကာ ဦးဆောင်ဆွေးနွေးမည့်သူများနှင့် မိတ်ဆက် ပေးသည်။

ဆက်လက်၍ ဆွေးနွေးသူများဖြစ်ကြသည့် ဆရာမကြီး ဒေါ်သီတာ အောင်မှ ဦးဆောင်၍ Grade- 11 မှ မောင်ဟိန်းသန့်၊ မမေမျိုးသက်၊ Grade -9 မှ မယဉ်မင်းထက်နှင့် Grade -8 မှ မောင်မင်းဘုန်းခန့်တို့က လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ကြူကြူ က အဆိုပါခေါင်းစဉ်များနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး သည်။ အဆိုပါလူငယ်စကားဝိုင်းသို့ အထက(၄)မှ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြပြီး ခင်းကျင်းပြသထားသော စာအုပ်စာစောင် များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာတက္ကသိုလ်ရှိ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိတ်ဆုံစားပွဲအခမ်းအနား တက်ရောက်



မုံရွာ နိုဝင်ဘာ ၂၆

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတက္ကသိုလ် ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းသား ကျောင်းသူများ အိပ်ဆောင်ပတ်ဝန်းကျင်တို့ကို ယနေ့ နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ကြရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။**

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာတက္ကသိုလ် ကျောင်းဝင်း အတွင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်း များနှင့် မိတ်ဆုံစားပွဲအခမ်းအနားသို့ တက်ရောက်ရာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင် ကျော်သင်က မိတ်ဆုံစားပွဲအခမ်းအနား ကျင်းရခြင်း နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါမောက္ခချုပ် ဒေါက်တာ အောင်ကျော်သင်ထံ ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ပြီး တာဝန်ရှိ သူများနှင့်အတူ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် နေ့လယ်စာကို တပျော်တပါး အတူစားသုံးကာ မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများ၏ တေးသီချင်းများဖြင့် သီဆို ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရေသိုလှောင်ထားရှိမှုနှင့် ရေဖြန့်ဝေပေးနေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ နိုဝင်ဘာ ၂၆**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက်



စုပေါင်းအမှိုက်ကောက် သန့်ရှင်း ရေးဆောင်ရွက်နေမှုနှင့် စစ်တွေ မြို့သို့ သောက်သုံးရေ ဖြန့်ဝေပေး လျက်ရှိသော ကန်တော်ကြီး၌ ရေသိုလှောင်ထားရှိမှု၊ ရေဖြန့်ဝေ ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီး ချုပ်နှင့် အဖွဲ့သည် စစ်တွေ လေဆိပ်အဝင်လမ်း၊ လမ်းဆုံမှ လေဆိပ်အဝင်အထိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုကို လည်းကောင်း၊ စစ်တွေမြို့ တိုင်း ရင်းဆေးရုံ၌ စစ်တွေတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ များ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေး ဆောင်ရွက်နေမှု ကို လည်းကောင်း သွားရောက် ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ပေါ် ရပ်ကွက်များသို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသော ကန်တော် ကြီးသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြရာ ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးက ရေသိုလှောင်ထား ရှိမှု၊ မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေ ဖြန့်ဝေပေးနေမှု အခြေအနေ၊ ကန်တော်ငယ်မှ ရေဖြည့်တင်း ဖြန့်ဝေပေးနေမှုနှင့် နွေရာသီတွင် ရေဖြန့်ဝေပေးနိုင် ရေး ဆောင်ရွက်မည့်အခြေအနေ တို့ကို ရှင်းလင်းတင်ပြသည်။(ဝဲပုံ)

တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များက နွေရာသီ ရေအခက်အခဲ မရှိစေရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေ များကို ဆွေးနွေးပြောကြားကြပြီး လိုအပ်သည်များ သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထားဝယ်မြို့၌ လေယာဉ်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ထားဝယ် နိုဝင်ဘာ ၂၆**

လေယာဉ်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုကို နိုဝင်ဘာ ၂၅ ရက်က ထားဝယ် မြို့ ထားဝယ်လေဆိပ်၌ ပြုလုပ်ရာ တနင်္သာရီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိ သူများက ကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်လင်းထွန်း က တိုင်းဒေသကြီးအတွင်းနှင့် တိုင်းဒေသကြီးပြင်ပမှ ထားဝယ်မြို့သို့ လေယာဉ်ဖြင့် ခရီးသွားလာသည့် ပြည်သူများ၏ မီးဘေးလုံခြုံရေးနှင့် မမျှော်မှန်းနိုင် သည့် အခြားဘေးအန္တရာယ်များကြုံတွေ့ပါက မီးငြိမ်း သတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးရည်ရွယ်၍ လေ့ကျင့်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

လေ့ကျင့်ရာတွင် ပျံသန်းလာသော ခရီးသည်တင် လေယာဉ်တစ်စင်းသည် လေယာဉ်ရှေ့ဘီး (Nose Wheel) ချ၍မရသည့်ပြဿနာကြုံတွေ့ရပြီး ထားဝယ် လေဆိပ်သို့ အရေးပေါ်ဆင်းသက်ပုံနှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမွန်မြတ်သော ကုသိုလ်ပြုအရေးပေါ် (အခမဲ့) ကူညီသယ်ဆောင်ရေးအဖွဲ့မှ အဖွဲ့ဝင်များက (Medium Firefighting & Rescue Vehicle) (ပိုလန် မီးသတ်ယာဉ်)၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် ရေသယ်ယာဉ်များ၊ လိုအပ်သည့်ကယ်ဆယ်ရေးပစ္စည်း များယူဆောင်၍ လျင်မြန်စွာရောက်ရှိလာပြီး မီးငြိမ်း သတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပုံများကို လေ့ကျင့်ခဲ့ကြသည်။

ထို့နောက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ က လေယာဉ်အတွင်းပိတ်မိနေသော ခရီးသည်များအား ကယ်ထုတ်နိုင်ရန်အတွက် Hydraulic Cutter, Hydraulic Spreader တို့ကိုအသုံးပြု၍ လေယာဉ် ကိုယ်ထည်ကို ဖြတ်တောက်ဖောက်ထွင်းခြင်း၊ မီးလောင်နေသည့် တောင်ပံကို ရေမှုန်ရေမွှားဖြင့် ပက်ဖျန်းခြင်း၊ လေယာဉ်အတွင်း ပိတ်မိနေသည့်ခရီး သည်များအား အသက်ရှူကိရိယာများအသုံးပြု၍ လေယာဉ်အတွင်းမှ ဘေးလွတ်ကင်းရာသို့ ကယ်ထုတ် ခြင်းများကို လေ့ကျင့်ခဲ့ကြသည်။ **(အပေါ်ယာပုံ)**




ဆက်လက်၍ ပူးပေါင်းအဖွဲ့များက လေယာဉ် အတွင်းမှကယ်ထုတ်လာသော ဒဏ်ရာရခရီးသည် များကို ရှေးဦးသူနာပြုစုပေးခဲ့ပြီး အနီးဆုံးဆေးရုံကို ပို့ဆောင်ပေးကာ မီးလောင်နေသည့် လေယာဉ် ကိုယ်ထည်ကို ပေါက်ကွဲမှုမဖြစ်ပေါ်စေရေး လေဆိပ်မီးသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ ပိုလန်မီးငြိမ်းသတ်ယာဉ်တို့မှ (Foam) အမြှုပ် ဆေးရည်ကိုအသုံးပြု၍ ဖုံးအုပ်ငြိမ်းသတ်ခြင်း စသည်တို့ကို လေ့ကျင့်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပူးပေါင်းလေ့ကျင့် ရာတွင် ပါဝင်သောအဖွဲ့များအား ကျေးဇူးတင် ရှိကြောင်း ပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့ အပြား၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာ ကွက်ကျားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## စလင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ ပြန်လည်ပေးဆပ်ခြင်းနှင့် ပြန်လည်ထုတ်ချေးခြင်းဆောင်ရွက်

ပွင့်ဖြူ နိုဝင်ဘာ ၂၆

မင်းဘူးခရိုင် စလင်းမြို့နယ် ကွယ်စုကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ပြန်လည်ပေးဆပ်ခြင်းနှင့် အဋ္ဌမအကြိမ်ပြန်လည်ထုတ်ချေးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၂ ရက်က အဆိုပါကျေးရွာတွင် ပြုလုပ်သည်။

အဆိုပါကွယ်စုကျေးရွာမြစိမ်းရောင်(ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ပြန်လည် ပေးဆပ်ခြင်းနှင့် အဋ္ဌမအကြိမ်ပြန်လည်ထုတ်ချေးခြင်းလုပ်ငန်းသို့ မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးထွန်းလှအောင်၊ မြို့နယ်မြစိမ်းရောင်(ငါးကဏ္ဍ)ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းကိုကိုထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများက သတ္တမအကြိမ် ငွေကျပ် ၄၅၆ သိန်း ပြန်လည်ပေးဆပ်ခြင်းနှင့် အဋ္ဌမအကြိမ်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၆၆ သိန်းကို အသင်းသား ၁၀၀ သို့ ပြန်လည်ထုတ်ချေးခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

သတင်းစဉ်



## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် နိုဝင်ဘာ ၂၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၈၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၂၆၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၃၉၀ ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ပညာသင်ကြားလျက်ရှိသည့် တပ်မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ထောက်ပံ့

နေပြည်တော် နိုဝင်ဘာ ၂၆

အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ၂၀၂၂- ၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြား လျက်ရှိသည့် တပ်မိသားစုဝင် အခြေခံပညာ ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် စစ်တွေ တပ်နယ်ရှိ ဗန္ဓုလခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များ၌လည်း တပ်မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို တပ်နယ်အလိုက် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## နိုင်ငံတစ်ဝန်း သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် တောင်ဝိုင်းကြီးဘုရားတွင် သန့်ရှင်းရေး မဆောင်ရွက်မီနှင့် ဆောင်ရွက်အပြီး တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၆

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူများအားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာ ဒေသများ သန့်ရှင်းသာယာ လှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့ အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၉ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များ စုစည်း၍ မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်းစာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး ချမ်းမြသာစည်မြို့နယ် ၆၉ လမ်း မနော်ဟရီလမ်းမှ ၄၄ လမ်းကြားနှင့် ၁၁၁ လမ်းတို့အထိ အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာကို ကျပ် ၁၀၀ ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၈၆၉၁၅ ဧကစိုက်ပျိုးပြီးစီး

ကန့်ဘလူ နိုဝင်ဘာ ၂၆

ပြည်ပစားသုံးဆီ တင်သွင်းမှုလျှော့ချရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ စုစုပေါင်း ၁၈၆၉၁၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၈၂၅၇ ဧက၊ နှမ်း ၉၆၇၇၈ ဧက၊ နေကြာ ၁၉၂၇ ဧက၊ ပန်းနှမ်း ၅၄၂၁ ဧကနှင့် မုန်ညင်း ၅၃၂ ဧက စုစုပေါင်း ၁၈၆၉၁၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# လူမှုဖူလုံရေးအဖွဲ့ရယ်လို့ တစ်နိုင်ငံလုံးက လုပ်ငန်းရှင်တိုင်း အလုပ်သမားတိုင်း လက်ခံနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အောင်မြင်မှုရရှိခဲ့ပါတယ်။

ဒေါ်ဝင်းမော်ထွန်း

သတင်းအဖွဲ့


ဒေါ်ဝင်းမော်ထွန်း
ဝဏ္ဏကျော်ထင်ဘွဲ့


အကယ်ဒမီဂီတမှူး ဝင်းကို
အနုပညာထူးချွန်(တတိယဆင့်)


ဒေါ်အိဖြူ
လူမှုထူးချွန်(တတိယဆင့်)


ဒေါ်စန္ဒာရွှေ
လူမှုထူးချွန်(တတိယဆင့်)


ဒေါ်သဲဖြူ
လူမှုထူးချွန်(တတိယဆင့်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ ဖြင့် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို ချီးမြှင့်ခဲ့သည်။**

**အဆိုပါဘွဲ့၊ တံဆိပ်များ ချီးမြှင့်ခံရသည့်ပုဂ္ဂိုလ်အချို့၏ ဝမ်းမြောက်စကားသံများကို မြန်မာ့သတင်းစဉ်က စုစည်းဖော်ပြလိုက်ပါသည်။**

**ဒေါ်ဝင်းမော်ထွန်း၊ ဝဏ္ဏကျော်ထင်ဘွဲ့**
**ဒုတိယဝန်ကြီး(ငြိမ်း)၊ အလုပ်သမား၊**
**အလုပ်အကိုင်နှင့်**
**လူမှုဖူလုံရေးဝန်ကြီးဌာန**

ကျွန်မအနေနဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ရတာကိုအထူးဂုဏ်ယူမိသလိုဝမ်းသာပီတိ ဖြစ်ရပါတယ်။ ကျွန်မအနေနဲ့ ၂၀၁၀-၂၀၁၅ နိုင်ငံတော်အစိုးရကာလမှာ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ လူမှုဖူလုံရေးဥက္ကဋ္ဌတာဝန်လည်းထမ်းဆောင်ခဲ့ပါတယ်။ လူမှုဖူလုံရေးဥပဒေ ၂၀၁၂ ထွက်ရှိပြီး ဥပဒေအတိုင်း အကောင်အထည်ဖော်ဖို့ တာဝန်ပေးခံရပါတယ်။ အလုပ်ရှင် အလုပ်သမားညီညွတ်မျှတစွာနဲ့ ဥပဒေအပေါ်အခြေခံပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့တာ အအောင်မြင်ဆုံးပါပဲ။ လူမှုဖူလုံရေးအဖွဲ့ရယ်လို့ တစ်နိုင်ငံလုံးက လုပ်ငန်းရှင်တိုင်း အလုပ်သမားတိုင်း လက်ခံနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လုပ်ငန်းခွင်အရောက် ကျန်းမာရေး စောင့်ရှောက်မှုဟာ အလုပ်သမားတွေအတွက် အထိရောက်ဆုံးပါပဲ။ အောင်မြင်မှုရရှိခဲ့ပါတယ်။

အနည်းဆုံးအခကြေးငွေကို မြန်မာနိုင်ငံမှာ ပထမဆုံးသတ်မှတ်နိုင်အောင် တိုင်းနဲ့ ပြည်နယ် ၁၄ ခုလုံး ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အလုပ်သမားသမဂ္ဂ၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းအားလုံး ညှိနှိုင်းတိုင်ပင်မှုရလဒ်ကြောင့် သတ်မှတ်နိုင်ခဲ့ပြီး ခေတ်ကာလနဲ့ လျော်ညီစွာ သတ်မှတ်နိုင်ဖို့ လမ်းဖွင့်ပေးခဲ့ပါတယ်။

အဓိက အလုပ်ရှင် အလုပ်သမား ညီညွတ်မျှတစွာလုပ်ငန်းခွင် အေးချမ်းသာယာဖို့ အဓိကထား လုပ်ခဲ့ပါတယ်။ ဒီအောင်မြင်မှုကြောင့် ၂၀၁၆ ခုနှစ်မှာ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခံရပါတယ်။ ကျွန်မဘဝမှာ အလုပ်ရှင်၊ အလုပ်သမားကဏ္ဍ အများကြီးရှိခဲ့ပါတယ်။ အလုပ်ရှင်တစ်ယောက် သဘောထား၊ အလုပ်သမားတစ်ယောက် သဘောထား နားလည်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာလည်း စက်မှုစီးပွားထူးချွန်ဆု ရရှိခဲ့ပါတယ်။

ဘဝတစ်သက်တာမှာ သာသနာတော်ဆိုင်ရာ ချီးမြှောက်ထောက်ပံ့မှုတွေ လုပ်ခဲ့လို့ ၂၀၁၂ ခုနှစ်မှာ သုဓမ္မသိင်္ဂီဘွဲ့လည်း ရရှိခဲ့ပါတယ်။ အခုအခါမှာတော့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ပေးအပ်တဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိတဲ့အတွက် ပေးအပ်ချီးမြှင့်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အထူးကျေးဇူးတင်ပါတယ်။ တိုင်းပြည်အတွက်၊ အများပြည်သူအတွက်၊ အလုပ်ရှင် အလုပ်သမားတွေအတွက် ကြိုးစားခဲ့တာတွေကို အသိအမှတ်ပြုခံရတာကိုဝမ်းသာဂုဏ်ယူမိပါတယ်။

ဆက်လက်ပြီး ကျွန်မနိုင်ငံတော်အတွက်၊ ကျွန်မပြည်သူအတွက်၊ အလုပ်ရှင် အလုပ်သမားများအတွက် မည်သည့်နေရာကမဆို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လုပ်ကိုင်ဆောင်ရွက်သွားမှာပါ။

**အကယ်ဒမီဂီတမှူး ဝင်းကို**
**အနုပညာထူးချွန်**
**(တတိယဆင့်)**

လူမှုထူးချွန်ဆုအနေနဲ့ဆို ဆရာတို့ အနုပညာသမားတွေက တိုင်းကျိုးပြည်ပြု သီချင်းတွေ တီးပေးတယ်။ ဇာတ်ကားတွေမှာ တီးပေးတယ်။ အများအတွက်၊ တိုင်းပြည်အတွက် ကူညီခဲ့တဲ့ အနုပညာသမားတွေကို လူမှုထူးချွန်ဆုဆိုပြီး အရင်တုန်းကပေးတယ်။ ဒီနှစ်လည်း ဒီလိုပဲပေးလိုက်မယ် ထင်တာပါ။ ကြိုတော့မသိပါဘူး။ အခု စာရင်းပါလာတဲ့အပေါ်မှာ ကြည့်တဲ့အခါ အနုပညာထူးချွန်ဆုအနေနဲ့ ပါလာတယ်။ ကောင်းတဲ့ အလုပ်လို့ ထင်တယ်။ ကောင်းတယ်ဆိုတာ သူ့ကဏ္ဍအလိုက်မှာ ထူးချွန်တဲ့ သူတွေပါ။ စာပေဆုလည်း စာပေမှာ ထူးချွန်တဲ့သူတွေ၊ ဂီတပိုင်းမှာလည်း ဂီတမှာ ထူးချွန်တဲ့သူတွေ။ ထူးချွန်တဲ့ သူတွေကို ရွေးပြီးပေးတဲ့အပေါ်မှ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူတယ်။

အကယ်ဒမီရတာက ၂၀၁၂ နောက်ခံတေးဂီတ ထူးချွန်ဆု အမွေခံထိုက်သူဖြစ်ပါစေ ဘာသာရေးကားနဲ့ရတာ။ အနုပညာနဲ့ ပတ်သက်တဲ့ အလုပ်မှန်သမျှ လူတိုင်းလူတိုင်းကို ကြိုးစားစေချင်တယ်။ ကိုယ့်ကြိုးစားမှုဆိုတာ တစ်ချိန်ချိန်မှာ အရာထင်လာတာပဲပေါ့။ ဂီတမှူးသက်တမ်း အနှစ် (၄၀) ကျော်လာပြီ။ နိုင်ငံတော်ရဲ့ ဂုဏ်ပြုခြင်းကို ခံရတာ ဒါပထမဦးဆုံးအကြိမ်ပါ။ လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်အိဖြူ**
**လူမှုထူးချွန် (တတိယဆင့်)**
**အပြည်ပြည်ဆိုင်ရာ**
**အနောက်တိုင်းလှေ၊ မြန်မာနိုင်ငံ**
**လှေလှော်အဖွဲ့ချုပ်**

နိုင်ငံတော်ကချီးမြှင့်တဲ့ အခုလို ထူးချွန်ဆုရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ပျော်လည်း ပျော်ပါတယ်။ ၂၀၁၃ ဆီးဂိမ်းမှာ ရိုးရာလှေနဲ့ ရွှေတံဆိပ်သုံးဆုရခဲ့တယ်။ ၂၀၁၉ ကျတော့ ဖိလစ်ပိုင် ဆီးဂိမ်းမှာ အပြည်ပြည်ဆိုင်ရာလှေကိုရောက်သွားတယ်။ အပြည်ပြည်ဆိုင်ရာ လှေမှာ ကြေးတံဆိပ်တစ်ခု ရတယ်။ ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းမှာ ဒီအပြည်ပြည်ဆိုင်ရာ လှေနဲ့ပဲ ကြေးတံဆိပ် နှစ်ခုရခဲ့တယ်။ အားကစားသမားတစ်ယောက်ကို အခုလို အသိအမှတ်ပြုတယ်ဆိုတာကို ဝမ်းသာတယ်။ ဘာပဲပြောပြော နားသွားတဲ့အချိန်ရောက်ရင် ကိုယ့်ဘဝမှာ မှတ်တိုင်လေးတစ်ခု အမှတ်တရတစ်ခုတော့ ကျန်ခဲ့တာပေါ့။ ကိုယ်ဒီထက်ပိုပြီးကြိုးစားရင် ဒီထက်ပိုပြီး ဆုတံဆိပ်တွေနဲ့ ဂုဏ်ပြုခံရမယ်ဆိုကိုယ်က ပိုပြီးတော့ကြိုးစားရမယ်။

နောက်ဆုံး ဒီအားကစားလောကက မနားခင် အချိန်အထိတော့ အကောင်းဆုံး ကြိုးစားသွားမယ်။ အခုလိုမျိုး အားကစားသမားတွေကို အသိအမှတ်ပြုပြီး ဘွဲ့တံဆိပ်တွေ ချီးမြှင့်ပေးတဲ့အတွက်လည်း နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။

**ဒေါ်စန္ဒာရွှေ**
**လူမှုထူးချွန်(တတိယဆင့်)**
**ရိုးရာလှေ၊ မြန်မာနိုင်ငံ**
**လှေလှော်အဖွဲ့ချုပ်**

၂၀၁၂ ခုနှစ်ကနေပြီးတော့ ၂၀၂၂ ခုနှစ်အထိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှာ ကစားလျက်ရှိပါတယ်။ ဆုတံဆိပ်တွေအနေနဲ့ကတော့ ၂၀၁၃ ခုနှစ် အိမ်ရှင်ဆီးဂိမ်း ရွှေသုံးခုနဲ့ အခုပြီးခဲ့တဲ့ ဗီယက်နမ်ဆီးဂိမ်းမှာ ကြေး နှစ်ခု ရရှိထားပါတယ်။ အခုလို နိုင်ငံတော်က လူမှုထူးချွန် တတိယဆင့် ဆုပေးတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာပါတယ်။ ကိုယ်ကြိုးစားမှုအတွက် ဆုရရှိတာကိုလည်း ဂုဏ်ယူပါတယ်။ ထပ်ပြီးတော့ ကြိုးစားနေတဲ့ အားကစားသမားတွေကိုလည်း ဒီထက်ကောင်းတဲ့ ဆုတံဆိပ်တွေ ချီးမြှင့်ပေးပါလို့ ပြောချင်ပါတယ်။ နောက်ပြီးတော့ သမီးတို့လည်း အကောင်းဆုံး ကြိုးစားနေပါတယ်။ ထူးချွန်တဲ့သူတွေကို ဒီလိုမျိုးဆုတွေပေးတဲ့အတွက်လည်း လူငယ်တွေအနေနဲ့ ကြိုးစားချင်တဲ့စိတ် ပိုပြီးတော့ ဖြစ်ပေါ်ပါတယ်။ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ နယ်ပယ်အသီးသီးက ကြိုးစားနေတဲ့သူတွေကို ဒီလိုမျိုးပေးတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်။

**ဒေါ်သဲဖြူ**
**လူမှုထူးချွန် (တတိယဆင့်)**
**ရိုးရာလှေ၊ မြန်မာနိုင်ငံ**
**လှေလှော်အဖွဲ့ချုပ်**

ဒီဆုရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ကိုယ်အပါအဝင် အယောက် ၁၀၀၀ ကျော်ဆိုတော့ အားလုံးအတွက်လည်း ဝမ်းသာပါတယ်။ ၂၀၂၀ ပြည့်နှစ် အင်ဒိုနီးရှားဆီးဂိမ်းမှာ ရွှေသုံးခု ရခဲ့ပါတယ်။ အဲဒီ ရွှေသုံးခုရခဲ့တာကလည်း ကြိုးစားအားထုတ်မှုကြောင့်ပါ။အဲဒီတုန်းကလည်းတော်တော်ကြိုးစားခဲ့ရပါတယ်။ နောက်လာမယ့်ကလေးတွေကိုလည်း ကြိုးစားစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလှေလှော်အားကစားနည်းက ကြိုးစားလေ ပိုပြီးကိုယ့်အတွက် အကျိုးထူးလေပါပဲ။ ဒါကြောင့် ဖွဲမလျှော့ကြပါနဲ့လို့ ဒီကနေ အားပေးစကားလေး ပြောချင်ပါတယ်။ စိတ်ဓာတ်ကောင်းနေမှလည်း ဒီလှေလှော် အားကစားနည်းက တောက်ပတာပါ။ နဖူးကချွေး ခြေမကိုကျအောင်လည်း လုပ်ရပါတယ်။ အခုလက်ရှိမှာတော့ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှာပဲ နေပါတယ်။ လက်ရှိမှာလည်း တာဝန်ထမ်းဆောင်နေပါတယ်။ အခုလိုသမီးကို လူမှုထူးချွန်ဆုပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒိုဘီကုန်းဈေး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနား တက်ရောက်

မြောင်းမြ နိုဝင်ဘာ ၂၅

**ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က မြောင်းမြမြို့ မြကန်သာရပ်ကွက်ရှိ ဒိုဘီကုန်းဈေး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ဒိုဘီကုန်းဈေး ကွန်ကရစ်လမ်းကို မြောင်းမြမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် သော်ဇင်သန့် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ကြောင်း သိရသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြောင်းမြပညာရေးဒီဂရီကောလိပ်တွင် တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြင့် အထောက်အကူပြု ဆွေးနွေးပွဲပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သင်တန်းဆင်း ဆရာ ဆရာမများကို အမှာစကားပြောကြားသည်။ ဆက်လက်ပြီး တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ပြီးနောက် မြောင်းမြပညာရေးဒီဂရီကောလိပ်အတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် သင်တန်းသူသင်တန်းသားများက တိုင်းရင်းသား ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါတိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြင့် အထောက်အကူပြု ဆွေးနွေးပွဲကို သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၄၀၀ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြောင်းမြခရိုင်(ပြန်/ဆက်)**

## ပြင်ဆင်သိမှတ်ပေးပါရန်

၂၆-၁၁-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ ပါ **“လူငယ်လေးတွေ မျက်စိဖွင့်ကြပါ။ ဖုန်းလေးကြည့်ပြီးတော့ ဒီအပေါ်မှာတင်ပဲ ကြည်နူးမနေကြပါနဲ့”** ဘွဲ့၊ တံဆိပ်များချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်အချို့၏ ဝမ်းမြောက်စကားသံများတွင် အောက်ပါ ပုဂ္ဂိုလ်များအား ပြင်ဆင်သိမှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်-

**စာတည်းအဖွဲ့**



ဦးမြင့်ဆန်းဟာတ်

Bajrang Lal Sharma
(ခ)
ဦးမောင်မောင်



## ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုလီမိတက်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ကျိုက်ထို နိုဝင်ဘာ ၂၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်နှင့် (၁-၁၀-၂၀၂၁)မှ(၃၁-၃-၂၀၂၂)အထိ ကြားကာလဘဏ္ဍာရေးနှစ်တို့အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အဆိုပါအသင်းစုရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဆောင်ရွက်ပြီး ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် ပြည်နယ် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစိုးတင့်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစုအတွင်းရေးမှူး ဒေါ်ဇင်ဇင်ခိုင်က ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဖတ်ကြား၍ ဆွေးနွေးသဘောတူညီချက်ရယူကာ အတည်ပြုချက်ရယူဆောင်ရွက်သည်။ အဆိုပါ အစည်းအဝေးတွင် အနားယူသွားသည့် ဝန်ထမ်းများအား အိုနာစာရန်ပုံငွေချီးမြှင့်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူ ၂၃ ဦးအား ဆုချီးမြှင့်ခြင်း၊ ချေးငွေပုံမှန်ပေးဆပ်နိုင်သူ၊ စုဆောင်းငွေအများဆုံး စုဆောင်းနိုင်သူများအား ဆုချီးမြှင့်ခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းနှင့် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၁၁၆ ဒသမ ၁၇၂ သိန်းကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သမဝါယမဦးစီးဌာန**

## ပင်လောင်းမြို့နယ် ပေါင်းလောင်းချောင်း၌ ငါးမျိုးများစိုက်ထည့်ပေး

**ပင်လောင်း နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့ လိန်းလီတံတားအနီး ပေါင်းလောင်းချောင်း သဘာဝရေပြင်တွင် ယမန်နေ့ မွန်းလွဲပိုင်းက ငါးမျိုးများ စိုက်ထည့်ပေးသည်။

ငါးမျိုးများကို စိုက်ထည့်နိုင်ရေးအတွက် ညောင်ရွှေမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးသားပေါက်စခန်းမှ ငါးမြစ်ချင်း ငါးမျိုးကောင်ရေ တစ်သောင်း၊ ငါးခုံးမငါးမျိုးကောင်ရေ တစ်သောင်း စုစုပေါင်းငါးမျိုးကောင်ရေ နှစ်သောင်းကို ရွှေတကြီးကျေးရွာအနီးနှင့် လယ်ပြင်ကြီးကျေးရွာအနီး ရေပြင်တွင် ငါးမျိုးများ စိုက်ထည့်ပေးခဲ့ပြီး အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးညီညီမင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေး ဦးစိန်လှမောင်၊ ပေါင်းလောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ခွန်အာကာစိုး**

## ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်အတွင်းရှိ ဟိုက်ပါရေတံခွန်သို့ လာရောက်အပန်းဖြေသူ ပြန်လည်များပြားလာ

**မိုင်းရှူး နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်အတွင်းရှိ ဟိုက်ပါရေတံခွန်သို့ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ခရီးသွားများ နေ့စဉ်လာရောက်အပန်းဖြေလျက်ရှိကာ ပြီးခဲ့သည့်နှစ်များတွင် ကိုဗစ်-၁၉ ရောဂါကြောင့် အပန်းဖြေသူ အနည်းငယ်လျော့နည်းသွားခဲ့သော်လည်း ယခုနှစ်ပိုင်းအတွင်းတွင် လာရောက်အပန်းဖြေသူ တဖြည်းဖြည်း ပြန်လည်များပြားလာကြောင်း သိရသည်။

**အပန်းဖြေသူပြန်လည်များပြားလာ**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်အတွင်းရှိ ဟိုက်ပါရေတံခွန်တွင် နှစ်စဉ်နှစ်တိုင်း ခရီးသွားများ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိရာ ပြီးခဲ့သည့် နှစ်နှစ်ကျော် သုံးနှစ်ခန့်က ဖြစ်ပွားခဲ့သည့် ကိုဗစ်ရောဂါအခြေအနေကြောင့် ဟိုက်ပါရေတံခွန်ကို လာရောက်အပန်းဖြေသူမရှိသလို စက်လှေများလည်း ရပ်နားခဲ့ပြီး ယခု ၂၀၂၂ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနည်းငယ်လျော့နည်းသွားသည့်အတွက် ဟိုက်ပါရေတံခွန်ကို လာရောက်အပန်းဖြေသူ တဖြည်းဖြည်းပြန်လည်များပြားလာသည်။

“ဝါတွင်းသုံးလနှင့် မိုးရာသီအချိန်ဆိုရင် ရေတံခွန်က ရေတွေနောက်ကျိသွားသလို အဲ့အချိန်ဆိုရင် အပန်းဖြေသူတွေကလည်း မလာကြဘူး။ သူတို့မလာရင် စက်လှေလည်း ရပ်နားထားကြပြီး အိမ်အလုပ်ပဲလုပ်ရတာပေါ့။ အခုကတော့ မိုးတွင်းပါပဲ ကျန်တဲ့ရာသီတွေဆိုရင် ပြောသလောက် အခက်အခဲမရှိပါဘူး။ အခုလိုပွင့်လင်းရာသီဆိုရင် အပန်းဖြေသူပိုပြီး များလာမှာဖြစ်တဲ့အတွက် ရှေ့လျှောက်ပြီး စက်လှေပြေးဆွဲသူတွေ အဆင်ပြေကြမယ်လို့ ထင်ပါတယ်”ဟု စက်လှေသမားက ပြောသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်အတွင်းရှိ ဟိုက်ပါရေတံခွန်သည် နာမည်ကြီးရေတံခွန်တစ်ခုဖြစ်ပြီး ပုံမှန်အားဖြင့် သင်္ကြန်ကာလနှင့်သင်္ကြန်မကျခင်ကာလ၊ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် ပို၍လူစည်ကားမှုရှိပြီး ဝါတွင်းသုံးလမိုးရာသီကာလတွင် ရေတံခွန်၌ ရေနောက်ကျိနေပြီး အန္တရာယ်ရှိသောကြောင့် လာရောက်လည်ပတ်သူ နည်းပါးလျက်ရှိသည်။

ဟိုက်ပါရေတံခွန်ကို လာရောက်အပန်းဖြေပါက တည်းခိုရန် ကမ်းခြေအနီးတွင် တည်းခိုခန်းများနှင့် ကျွန်းများတွင်လည်း တည်းခိုခန်းများရှိသည်။ ကျွန်းရှိ တည်းခိုခန်းများတွင် အိပ်စက်အနားယူသူများကို တည်းခိုခန်းများမှ စက်လှေများဖြင့် “အခမဲ့” ကြိုပို့ပေးပြီး ရေတံခွန်အပါအဝင်ကျွန်းများ လှည့်ပတ်လှည့်လည်ကြည့်ရှုလှေ့လာရန်အတွက် စက်လှေစင်းလုံးပြတ်ငှားရန်းခ တစ်စင်းလျှင် သုံးသောင်းကျပ်ကို စက်လှေမောင်းသူထံပေးရကြောင်း၊ ဟိုက်ပါရေတံခွန်တွင် မွန်းလိုက်တည်းခိုခန်း (Moon Light) အပါအဝင် တည်ခိုးခန်းစုစုပေါင်း ငါးလုံးထက်မနည်းရှိကြောင်း သိရသည်။

**စိတ်ချမ်းသာမှု အပြည့်အဝရရှိ**

ဟိုက်ပါရေတံခွန်ရှိ တည်းခိုခန်းများတွင် ရေ၊ မီး အစုံပါပြီး လုံးခြင်းအဆောက်အအုံများစွာ တည်ဆောက်ပေးထားဖြစ်ပြီး အဆောက်အအုံတစ်လုံးလျှင် လူတစ်ဦးမှ သုံးဦးအထိ အနားယူနိုင်ကာ ကမ်းခြေအနီးရှိနေရာများတွင် ရွက်ဖျင်တဲများဖြင့်လည်း ခေတ္တခဏအနားယူခဲ့ကြသည့် ခရီးသွားများလည်းရှိကြောင်း၊ ဟိုက်ပါရေတံခွန်သို့ လာရောက်အပန်းဖြေခရီးသွားပြည်သူများအနေဖြင့် စားသောက်စရာများကို မိမိတို့ကိုယ်တိုင် ယူဆောင်လာပြီး ပျော်ရွှင်စွာ ချက်ပြုတ်စားသောက်နိုင်ကာ တည်းခိုခန်းများကလည်း စီစဉ် ဆောင်ရွက်ပေးသည့်အတွက် အပန်းဖြေသူများ စိတ်ချမ်းသာမှုအပြည့်အဝ ရရှိကြောင်း သိရသည်။

**သန့်ဇင်(မြန်မာ့အလင်း)**

# မဟာသုဝဏ္ဏကျောင်းတိုက်သို့ ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်လှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်္န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်း မဟာသုဝဏ္ဏကျောင်းတိုက်ကြီး၌ သီတင်းသုံးစာသင်၊ စာချတော်မူကြသော ဆရာတော် ဘဒ္ဒန္တဇနိန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (သာသနဓဇဓမ္မာစရိယ မဟာကျော်) အရှင်သူမြတ်နှင့် ဆရာတော်သံဃာတော် ၉၅ ပါးတို့ သာသနာ့တာဝန်များကို အေးချမ်းစွာ ထမ်းရွက်နိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်က မဟာသုဝဏ္ဏကျောင်းတိုက်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ၏ကိုယ်စား သဃ်္န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ဆွမ်းဆန်တော်များ လှူဒါန်းမှုများနှင့် ပတ်သက်၍ လျှောက်ထားပြီး ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော် ရှစ်အိတ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒု-ဦးစီးမှူးများနှင့် ဝန်ထမ်းများက မဟာသုဝဏ္ဏကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (သာသနဓဇဓမ္မာစရိယမဟာကျော်) ဆရာတော် အရှင်သူမြတ်ထံ ဆက်ကပ်လှူဒါန်းကြသည်။ (ဝဲပုံ) ၂၀၁

---

# ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပထမအသုတ်အနေဖြင့် ဆန်တန်ချိန် ၁၀၅၆၅ တန် တင်ပို့နိုင်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G သဘောတူညီမှုအရ ဆန်တန်ချိန် နှစ်သိန်း တင်ပို့ရန် ဆောင်ရွက်လျက်ရှိရာ အချို့သော ဆန်များကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စက်မှုမြို့တော်ဆိပ်ကမ်းမှ ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်တင်ပို့ခဲ့ပြီး နိုဝင်ဘာ ၂ ရက်မှစတင်၍ နိုဝင်ဘာ ၂၂ ရက်အထိ ဆန်တန်ချိန် ၁၀၅၆၅ တန်ကို ပထမအသုတ်အဖြစ် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပုသိမ်မြို့ စက်မှုမြို့တော်ဆိပ်ကမ်း ( International Industrial Port AIIP )မှ နိုဝင်ဘာ ၂ ရက်တွင် ရေယာဉ်ကုမ္ပဏီမှ MV MCL-7 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တိုက်ရိုက် စတင်တင်ပို့ခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင် MV MCL-21 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၁၅ တန်ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် MV MCL-12 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅၀ ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် MV MCL-18 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅၀ကိုလည်းကောင်း တင်ပို့ခဲ့ရာ ဆန်တန်ချိန်စုစုပေါင်း ၁၀၅၆၅ တန်ကို တင်ပို့ခဲ့ပြီးဖြစ်သည်။ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်များတင်ပို့ရာတွင် ဧည့်မထဆန် ၅ မတ်၊ 50 kg အလေးချိန်ရှိ ဆန်အိတ်ပေါင်း ၂၁၁၃၀၀ ကို တင်ပို့ခဲ့ခြင်းဖြစ်ပြီး ဒုတိယအသုတ်အနေဖြင့် ဆက်လက်တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ပြည်ပသို့ဆန်တိုက်ရိုက်တင်ပို့နိုင်မှုဖြင့် နိုင်ငံတော်၊ တောင်သူနှင့် စီးပွားရေးလုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းမှုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက "ပထမတစ်ဖြတ်ကို တန်ချိန် နှစ်သောင်း၊ ဒုတိယတစ်ဖြတ်ကို တန်ချိန်လေးသောင်းနဲ့ စုစုပေါင်းတန်ချိန်ခြောက်သောင်း တင်ပို့ဖို့နဲ့ စဉ်ဆက်မပြတ်တင်ပို့နိုင်အောင် တက်ညီလက်ညီ ဆောင်ရွက်ဖို့ လမ်းညွှန်ထားတာရှိပါတယ်။ ပုသိမ်စက်မှုမြို့တော် ဆိပ်ကမ်းကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆန်တိုက်ရိုက်တင်ပို့တဲ့အတွက် တိုင်းဒေသကြီးရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကိုအထောက်အပံ့ဖြစ်စေပြီး တောင်သူတွေရဲ့စီးပွားရေး အခွင့်အလမ်းတွေကိုလည်း ပိုမိုပွင့်လန်းစေတဲ့အပြင် နိုင်ငံတော်အနေနဲ့လည်း စက်သုံးဆီချွေတာနိုင်မှုကို ရရှိစေပါတယ်။ နိုဝင်ဘာ ၂၂ ရက်မှာ လေးကြိမ်မြောက် သင်္ဘောနဲ့ဆန်တန်ချိန် စုစုပေါင်း ၁၀၅၆၅ တန် တင်ပို့ပြီးပါပြီ။ ဌာနအနေနဲ့ ပြည်ပကိုဆန်တင်ပို့ရာမှာ လုပ်ငန်းမြန်ဆန်ဖို့အတွက် ပူးပေါင်းဆောင်ရွက်နေပြီး ကြိတ်ခွဲပြီးဆန် အသင့်ရှိတဲ့အချိန် နှစ်ပတ်ကျော်သုံးပတ်ဆိုရင် ဒုတိယအသုတ် ဆန်တင်ပို့ဖို့အတွက် သင်္ဘောဆိုက်ကပ်ဖို့ရှိနေတယ်"ဟု ပြောသည်။

ပြည်ပသို့တင်ပို့သောဆန်များ အရည်အသွေးပြည့်မီစေရန်နှင့် မြန်ဆန်စွာတင်ပို့နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပို့ကုန်ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်စက်မှုမြို့ တော်ဆိပ်ကမ်းမှ ဒီဇင်ဘာလဒုတိယပတ်တွင် ပို့ကုန် ဒုတိယအသုတ်အဖြစ် ပထမဆုံးသင်္ဘောဝင်ရောက်မည်ဖြစ်ပြီး အရည်အသွေးကောင်းမွန်သောဆန်များကို ဆက်လက်တင်ပို့နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စက်များ၌ ဆန်များကို ကြိတ်ခွဲလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ -ကနူး**



---



# ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ညောင်ရွှေ နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၆ ရက်က သလဲဦးကျေးရွာအုပ်စု ကွင်းအမှတ် ၄၁၊ ဦးပိုင်အမှတ် ၂၅၅/၁ ရှိ တောင်သူ ဒေါ်မြင့်စိန်၏ ရွှေအပ်မိုးစပါးစိုက်ခင်းတွင် (သင့်ကိုယ်စားပြု) စံကွက် သုည ဒသမ ၁၀၁ ဧက စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအခြောက် အထွက်နှုန်း ၈၉ ဒသမ ၃၆ တင်း ထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းဝင်း၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးမင်းသန့်ထွန်း၊ ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

---

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**

**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

❖ ကျောဖုံးမှ

ဖြစ်စဉ်မှာ ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက် အောင်သီရိလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူး နေအိမ်သို့ နိုဝင်ဘာ ၂၅ ရက် ညနေ ၅ နာရီခွဲတွင် PDF အကြမ်းဖက်သမား ၁၀ ဦးခန့် လက်နက်ငယ်ကိုယ်စီဖြင့် ရောက်ရှိလာပြီး သော့ခတ်ထားသော နေအိမ်ဘာဂျာသံတံခါးကို ဖွင့်ပေးရန်နှင့် မဖွင့်ပါက မိသားစုအားလုံးကို ပစ်သတ်မည်ဟု သေနတ်ဖြင့် ခြိမ်းခြောက်၍ ဖွင့်ခိုင်းခဲ့ကြောင်း၊ ထို့နောက် နေအိမ်အတွင်းသို့ ဝင်ရောက်၍ ပရိဘောဂများကို ရိုက်ခွဲဖျက်ဆီးကာ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၁၆ ကျပ် ၁ မတ်သားခန့်နှင့် ငွေကျပ်သိန်း ၃၀ ခန့် တို့ကို ယူဆောင်ပြီး မိုင်းတစ်လုံးဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ ထို့အပြင် နေအိမ်အတွင်း လက်လုပ်မိုင်းနှစ်လုံး ထောင်ထားခဲ့ပြီး အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများသည် မြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

**မိုင်းနှစ်လုံးထောင်ထားခဲ့**

အထက်ပါ ဖြစ်စဉ်နေရာသို့ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး နေအိမ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားခဲ့သည့် မိုင်းနှစ်လုံးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများက ပုလောမြို့နယ် ပလမြို့ အမှတ်(၃) ရပ်ကွက်၌ ရွှေထည်ပစ္စည်းများ၊ ငွေကြေးများ သေနတ်ပြခြိမ်းခြောက်ယူဆောင်ခဲ့ပြီး နေအိမ်ကို မိုင်းခွဲဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံအကြမ်းဖက်သမားများက ပုလောမြို့နယ် ပလမြို့ အမှတ်(၃) ရပ်ကွက်၌ ရွှေထည်ပစ္စည်းများ၊ ငွေကြေးများ သေနတ်ပြခြိမ်းခြောက်ယူဆောင်ခဲ့ပြီး နေအိမ်ကို မိုင်းခွဲဖျက်ဆီးခဲ့မှုနှင့် မိုင်းနှစ်လုံးထောင်ထားခဲ့မှုကို တွေ့ရစဉ်။

## ပန်းတောင်းမြို့နယ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား၊ အမျိုးသမီး တစ်ဦးသေဆုံး

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ နိုဝင်ဘာ ၂၅ ရက် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကာ အမျိုးသမီးတစ်ဦး သေဆုံးသည်။

နိုဝင်ဘာ ၂၄ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်က ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာနေ ဒေါ်ခင်မြင့်ရီ (၆၁ နှစ်)သည် နေအိမ်၌ရှိနေစဉ် နေအိမ်မီးဖိုဆောင်ရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခဲ့သဖြင့် နေအိမ်တစ်လုံး မီးလောင်ခဲ့ပြီး ဒေါ်ခင်မြင့်ရီမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## တာချီလိတ်မြို့၌ ငွေကျပ် ၂၈ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ် ၂၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ မအီရှဲန်ကျွဲ ၏ နေအိမ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၂၈ ဘီလီယံကျော်တန်ဖိုးရှိ Ecstasy ဆေးပြား ၆၁၆၀၀၀၊ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော အမှုန့် (Happy Water) ၁၁၃ ဒသမ ၀၄ ကီလို၊ Erimin-5 ဆေးပြား ၃၅၀၀၀ နှင့် Honda မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်ပါဝင်သူများ၏ ငွေကြေးပစ္စည်းများ၊ ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ထပ်မံအရေးယူနိုင်ရေးနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့် နေအိမ်ကို တွေ့ရစဉ်။

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေမြင်တင်အုပ်စု သစ်ပုတ်ကုန်းကျေးရွာ၌ တရားမဝင် သစ်ခွဲသားမျိုးစုံ ၃ ဒသမ ၅၉၈၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၁၉၁၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၇၇၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ မိုးညှင်းမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသော အဖြူရောင် အစေ့ငယ်များ ၂၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi Fuso အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းမှန်လည်ပြတင်းချပ်များ ၄ ဒသမ ၅၂၁၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၄၄၅၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။(အောက်ပုံ)

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင် သာယာဝတီမြို့နယ် ဝွေးချောင်းလမ်းဆုံ၌ တရားမဝင် မအူသစ်ခွဲသား ၆ ဒသမ ၉၄၃၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၆၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၂ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၉၉၆၃၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



# လာမည့်နှစ် ဇန်နဝါရီတွင် လျှပ်စစ်မီးအပြည့်အဝရရှိရန် သီရိလင်္ကာနိုင်ငံ စီစဉ်နေ



**ကိုလံဘို နိုဝင်ဘာ ၂၆**

လာမည့်နှစ် ဇန်နဝါရီတွင် လျှပ်စစ်မီးအပြည့်အဝရရှိရန်အတွက် ဖြစ်နိုင်သမျှ နည်းလမ်းအားလုံးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သီရိလင်္ကာလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ကာချနာဝီဂျီဆီကီရီရာက နိုဝင်ဘာ ၂၆ ရက်တွင် သတင်းထောက်များကို ပြောသည်။

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း နေ့စဉ် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့်ကြုံတွေ့နေရပြီး တစ်ကြိမ် လျှပ်စစ် ဓာတ်အားပြတ်တောက်လျှင် ၁၃ နာရီ ကြာမြင့်ကြောင်း သိရသည်။ သို့သော်လည်း လက်ရှိတွင် သီရိလင်္ကာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို တစ်နေ့လျှင် နှစ်နာရီအထိ လျှော့ချနိုင်ခဲ့ပြီဟု ဆိုသည်။

ထို့အပြင် အဆိုပါဝန်ကြီးက ပြီးခဲ့သည့်လအနည်းငယ်အတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို သိသိသာသာလျှော့ချရန် နည်းလမ်းများစွာဖြင့် လုပ်ဆောင်ခဲ့ကြောင်း ပြောသည်။ သို့သော်လည်း လျှပ်စစ်မီတာခကောက်ခံမှုကို ပြန်လည်ပြင်ဆင်ခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်ရန် မဖြစ်နိုင်ဟုဆိုသည်။ နှစ်စဉ် ဇန်နဝါရီလနှင့် ဇွန်လသည် လျှပ်စစ်မီတာခကောက်ခံမှုကို ပြင်ဆင်ရန် အကောင်းဆုံးအချိန်ဖြစ်သည်ဟုလည်း ဆိုသည်။

ယင်းနောက်တွင် ဝီဂျီဆီကီရီရာက ၂၀၂၃ ခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို မြှင့်တင်ရန်စီစဉ်နေကြောင်းနှင့် ထိုကဲ့သို့ မြှင့်တင်ခြင်းက သီရိလင်္ကာနိုင်ငံအတွက် အကောင်းမွန်ဆုံး စွမ်းအင်အရင်းအမြစ်ဖြစ်ကြောင်း ပြောသည်။ **ဆင်ဟွာ**

# PSLV ဒုံးပျံဖြင့် ဂြိုဟ်တုကိုးစင်းကို အိန္ဒိယနိုင်ငံ အောင်မြင်စွာ လွှတ်တင်

**နယူးဒေလီ နိုဝင်ဘာ ၂၆**

ကမ္ဘာမြေလေ့လာရေးဂြိုဟ်တု အီးအိုအက်စ်-၀၆ နှင့် ဂြိုဟ်တုအသေးစားရှစ်စင်းကို ဂြိုဟ်ပတ်လမ်းအနီးရှိ ရည်ရွယ်သတ်မှတ်ထားသော ဝင်ရိုးစွန်းပတ်လမ်းသို့ ဝင်ရိုးစွန်းဂြိုဟ်တုလွှတ်တင်ရေးဒုံးပျံ (PSLV-C54) ဖြင့် အိန္ဒိယအာကာသ သုတေသနအဖွဲ့အစည်း (အိုင်အက်စ်အာရ်အို) က နိုဝင်ဘာ ၂၆ ရက်တွင် လွှတ်တင်လိုက်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ဂြိုဟ်တုများကို အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒက်ရှ်ပြည်နယ်တွင်ရှိသော ဘင်္ဂလားပင်လယ်အော်ကမ်းခြေမှ သီရိဟာရီကိုတာကျွန်းရှိ ဆတ်ဒစ်ဒါဝမ်အာကာသစင်တာ (အက်စ်ဒီအက်စ်စီ) မှ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၆ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂြိုဟ်တုများကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့မှုအတွက် အလွန်ပျော်ရွှင်မိကြောင်း အိုင်အက်စ်အာရ်အို၏ ဥက္ကဋ္ဌဖြစ်သူ ဆွမ်းနာသ်က ပြောသည်။ ထို့အပြင် ယခုအကြိမ်လွှတ်တင်မှု၏ အဆင့်တိုင်းတွင် ဒုံးပျံ၏ စွမ်းဆောင်ရည်ကို လေ့လာခဲ့ရပြီး လုပ်ဆောင်ချက်များ အလွန်ကောင်းမွန်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

ဂြိုဟ်တုလွှတ်တင်မှုကို အာကာသစင်တာမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြောင်း၊ ယခုအကြိမ်လွှတ်တင်မှုသည် PSLV ဒုံးပျံ၏ (၅၆) ကြိမ်မြောက်ဖြစ်ကြောင်းနှင့် ယခုနှစ်တွင် အိန္ဒိယအာကာသအေဂျင်စီ၏ နောက်ဆုံးလုပ်ဆောင်ခဲ့သည့် မစ်ရှင်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



# ဂျပန်က အအေးခန်းပစ္စည်းများ ဖိလစ်ပိုင်ကို ထောက်ပံ့ပေးအပ်

**မနီလာ နိုဝင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေးများ သယ်ဆောင်ရာတွင် အသုံးပြုနိုင်ရန်အတွက် အအေးခန်း ထရပ်ကားများနှင့် ကွန်တိန်နာများကို ဂျပန်နိုင်ငံက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုထရပ်ကား နှစ်စီးနှင့် ဆေးဝါး သိမ်းဆည်းနိုင်သည့် အအေးခန်း ကွန်တိန်နာ ၆၀၀ ကို ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီက ဖိလစ်ပိုင်ကျန်းမာရေးဌာနသို့ နိုဝင်ဘာ ၂၅ ရက်တွင် လွှဲပြောင်းပေးခဲ့သည်ဟု သိရသည်။ ကွန်တိန်နာ တစ်လုံးလျှင် ဆေးအလုံးရေ ၅၈၀၀ ကို သိမ်းဆည်းနိုင်ကြောင်းနှင့် ဆေးဝါးများကို အနုတ် နှစ်ဒီဂရီ ဆဲစီးရပ်အောက်တွင် နာရီပေါင်း ၁၀၀ကြာအောင် ထိန်းသိမ်းထားနိုင်သည်ဟု သိရသည်။

ဝေးကွာသည့် ကျွန်းများသို့ ဆေးဝါးများ ပို့ဆောင်ရာတွင် လွယ်ကူမည် ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ မြင့်မားသည့် အပူချိန်အောက်တွင် ဆေးဝါးများကို သယ်ယူပို့ဆောင်ရာ၌ ဆေးဝါး၏ လုံခြုံစိတ်ချရမှုနှင့် အစွမ်းထက်မှုမှာ စိန်ခေါ်မှုတစ်ခု ဖြစ်လာသည်။ အစိုးရက လက်ခံရရှိထားသည့် ကိုဗစ်-၁၉ကာကွယ်ဆေး အလုံးရေ ၃၁ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၁၂ ရာခိုင်နှုန်းမှာ အသုံးမဝင်ဖြစ်ခဲ့ရကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောသည်။ ဝေးကွာသည့်ဒေသရှိ လူများထံ အစွမ်းထက်သည့် ကာကွယ်ဆေးပေးပို့နိုင်ရန် ရည်ရွယ်၍ ယခုလို လှူဒါန်းရခြင်းဖြစ်ကြောင်း ဂျိုက်ကာဒေသခံရုံးအကြီးအကဲ ဆာကာမိုတို တာကီမာက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဆေးဝါးများ သိမ်းဆည်းနိုင်သည့် အအေးခန်းအသေးစားကို ဂျပန်နိုင်ငံမှ ပေးအပ်စဉ်။

# တက်စလာ ကားကုမ္ပဏီမှ တရုတ်နိုင်ငံရှိ မော်ဒယ် ၃ ကားအစီးရေ ၁၃၀၀၀ နီးပါးကို ပြန်လည်သိမ်းဆည်းမည်

**ပေကျင်း နိုဝင်ဘာ ၂၆**

လျှပ်စစ်ကားကုမ္ပဏီဖြစ်သည့် တက်စလာသည် တရုတ်နိုင်ငံရှိ မော်ဒယ် ၃ ကားအစီးရေ ၁၃၀၀၀ နီးပါးကို ထိုင်ခုံခါးပတ်တွင် ချို့ယွင်းမှုရှိသည့်အတွက် ပြန်လည်သိမ်းယူမှု စတင်နေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၂ ရက်နှင့် ၂၀၁၉ နိုဝင်ဘာ ၂၂ ရက်ကြား ပြည်ပသို့တင်ပို့ထားသည့် ကားအစီးရေ ၂၇၃၆ စီးနှင့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀၂၂ခုနှစ် စက်တင်ဘာ ၂၆ ရက်အတွင်း တရုတ်နိုင်ငံတွင် ထုတ်လုပ်ထားသည့် ကားအစီးရေ ၁၀၁၂၇ စီးကို ပြန်လည် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း ဈေးကွက်သုံးသပ်ရေးစီမံမှုအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါ ထပ်မံကူးစက်ခံရသူ ၁၂၉၀ စစ်ဆေးတွေ့ရှိ

**စင်ကာပူ နိုဝင်ဘာ ၂၆**

စင်ကာပူနိုင်ငံ၌ နိုဝင်ဘာ ၂၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၂၉၀ စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၁၆၂၉၆၃ ဦးအထိ ရှိလာပြီဖြစ်သည်။

စင်ကာပူနိုင်ငံ၌ လက်ရှိတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူ ၁၄၄ ဦးရှိပြီး ၁၃ ဦးမှာ အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်သော ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

နိုဝင်ဘာ ၂၆ ရက်တွင် စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ မရှိကြောင်း သိရသည်။ **ဆင်ဟွာ**



# ဖိလစ်ပိုင်၌ ၁၈၇၄ ဦး ကိုဗစ်-၁၉ရောဂါ ထပ်မံကူးစက်ခံရ

**မနီလာ နိုဝင်ဘာ ၂၆**

ဖိလစ်ပိုင်၌ နိုဝင်ဘာ ၂၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၈၇၄ ဦး စစ်ဆေးတွေ့ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ပိုးတွေ့ဆဲလူနာ ၁၈၃၄၈ ဦးရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၂၃ ဦး ရှိသည့်အတွက် စုစုပေါင်း သေဆုံးသူ ၆၄၅၇၁ ဦးရှိကြောင်း ကျန်းမာရေးဌာန (ဒီအိုချိတ်ချ်) က ပြောသည်။ လူဦးရေ ၁၃ သန်းကျော်နေထိုင်သော မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၅၃၆ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆောင်းဦးသစ်ရွက်များကြည့်ရှုရန်အတွက် တိုကျိုနန်းတော်ဝင်းကို သုံးနှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်

**တိုကျို နိုဝင်ဘာ ၂၆**

တိုကျိုမြို့ရှိ ဧကရာဇ်နန်းတော်အတွင်း ဆောင်းဦးသစ်ရွက်များကို ပြည်သူများ ကြည့်ရှုခံစားနိုင်ရန် သုံးနှစ်အတွင်း ပထမဆုံးအကြိမ် အများပြည်သူအတွက် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်မှ စတင်ကာ သစ်ရွက်များအရောင်ပြောင်းသည့် ဆောင်းဦးရာသီနှင့် ချယ်ရီပန်းပွင့်သည့် နွေဦးရာသီတွင် အိနုအီလမ်းသို့ ပြည်သူများ ဝင်ရောက်ခွင့်ပြုခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစကာ ရှုခင်းများကြည့်ရှုခြင်းကို ဆိုင်းငံ့ထားခဲ့သည်။

နန်းတော်တွင်းသို့ ဝင်ရောက်ရန် စောင့်ဆိုင်းခဲ့သည့် ပြည်သူများအတွက် နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ဝင်ပေါက်ကိုဖွင့်ပေးခဲ့ကြောင်း သိရသည်။ မိုးရွာနေသည့် ကောင်းကင်အောက်တွင် မျိုးကွဲရှစ်မျိုးရှိသည့် မေပယ်ပင် ၇၀ ဝန်းကျင် စီတန်းနေသော အရှည် မီတာ ၆၀၀ ရှိသည့် လမ်းကြောင်းအတိုင်း ပြည်သူများ လမ်းလျှောက်လျက်ရှိကြောင်း သိရသည်။ လမ်းကြောင်းမကြာခဏ ပြည့်ကျပ်နေသောကြောင့် နန်းတော်၏ အရှေ့ဥယျာဉ်ကို ဖြတ်လျှောက်သည့် လမ်းကြောင်းကို ယခုနှစ်တွင် ပိတ်ထားခဲ့ရကြောင်း၊ လာရောက်လည်ပတ်သူများသည် ဆာကာရှိတာ-မွန် ဂိတ်မှတစ်ဆင့်ဝင်ရောက်ပြီး အိနုအီ-မွန် ဂိတ်မှ တစ်ဆင့် ထွက်ရမည်ဖြစ်သည်။ အိနုအီ လမ်းကို ဒီဇင်ဘာ ၄ ရက်အထိ ပြည်သူများအတွက် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ကေရာဇ်နန်းတော်ဝင်းအတွင်းရှိ အိနုအီလမ်း၌ လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။

## လာမည့်သီတင်းပတ်အတွင်း ပါကစ္စတန်နိုင်ငံ ဆင်းဒ်ပြည်နယ်တွင် ပိုလီယိုကာကွယ်ဆေး ထိုးနှံပေးမည်

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၆**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင် အမျိုးသား ပိုလီယိုကာကွယ်ဆေး ထိုးနှံရေး လှုပ်ရှားမှုကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ် ကျန်းမာရေး ဝန်ကြီးဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ထားသည်။

နှစ်နှစ်ကျော် ကာလအတွင်း ဒေသတွင်း ရောဂါကူးစက်ဖြစ်ပွားမှုမရှိသော်လည်း အနီးပတ်ဝန်းကျင်တွင် ရောဂါလက္ခဏာတွေ့ရှိရကြောင်း ဆင်းပြည်နယ်ကျန်းမာရေးဝန်ကြီး အက်ဇရာ ဖာဇယ်ပီချူးဟိုက အစည်းအဝေးတစ်ခုတွင် ပြောကြားသည်။ ယခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံတွင် ယခုအချိန်အထိ ပိုလီယိုရောဂါဖြစ်ပွားသူ ၂၀ ရှိကြောင်း သိရသည်။

ဆင်းဒ်ပြည်နယ်တွင် နောက်ဆုံး ပိုလီယိုရောဂါ ဖြစ်ပွားမှုမှာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လကဖြစ်ပြီး နိုင်ငံအတွင်း နောက်ဆုံး ရောဂါကူးစက်မှုမှာ ယခုနှစ် စက်တင်ဘာလက ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**



ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးနေသည်ကို တွေ့ရစဉ်။

## ပီရူးသမ္မတက ဘက်စီ ချားဗက်ဇ်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်

**လီမာ နိုဝင်ဘာ ၂၆**

ပီရူးသမ္မတ ပီဒရို ခရစ္စတီလိုသည် နိုဝင်ဘာ ၂၄ ရက်က ရာထူးမှ နုတ်ထွက်သည့် အန်နီဘယ် တောရက်စ် အစား ဘက်စီချားဗက်ဇ်ကို ဝန်ကြီးချုပ်သစ်အဖြစ် နိုဝင်ဘာ ၂၅ ရက်တွင် ခန့်အပ်လိုက်ကြောင်း သိရသည်။

ယခင်က ယဉ်ကျေးမှုဝန်ကြီး၊ အလုပ်သမားနှင့် အလုပ်အကိုင်မြှင့်တင်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ချားဗက်ဇ်သည် မြို့တော်လီမာ၌ အစိုးရနန်းတော်တွင် ကျင်းပသည့်အခမ်းအနားတွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ချားဗက်ဇ်သည် ယခင်ဝန်ကြီးချုပ် တောရက်စ် ရာထူးမှ နုတ်ထွက်မှုကြောင့် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့ကဏ္ဍအတွင်း တင်းမာမှုသစ်များအကြား ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

**ဆင်ဟွာ**

## လာမည့်နှစ်တွင် တောင်ဆူဒန်ရှိ လူပေါင်း ၉ ဒသမ ၄ သန်းမှာ အကူအညီလိုအပ်မည်ဟု ခန့်မှန်းထား

**ဂျီနီဗာ နိုဝင်ဘာ ၂၆**

တောင်ဆူဒန်ရှိလူပေါင်း ၉ ဒသမ ၄ သန်းမှာ လာမည့်နှစ်တွင် အကူအညီလိုအပ်လာမည်ဟု ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာရုံးက နိုဝင်ဘာ ၂၅ ရက်တွင်ပြောသည်။ အကြမ်းဖက်မှုများ၊ ပဋိပက္ခများ၊ ပြည်သူ့ကျန်းမာရေးစိန်ခေါ်မှုများနှင့် ရေကြီးမှု၊ မိုးခေါင်မှုကဲ့သို့သော ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများမှာ ပိုမိုဆိုးရွားလာစေခဲ့သည်ဟု လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (အိုစီအိတ်ချ်အေ )က ပြောသည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လျှော့ချနိုင်ရေးအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ခေါင်းဆောင်မှုစွမ်းရည်ကို မြှင့်တင်ရန် အစိုးရကို တောင်းဆိုထားကြောင်း (အိုစီအိတ်ချ်အေ) က ပြောသည်။

၂၀၁၁ ခုနှစ်မှစတင်ကာ ခန့်မှန်းခြေအားဖြင့် လူပေါင်း ၁၁ ဒသမ ၅ သန်းမှာ ပဋိပက္ခများအတွင်း ကျရောက်ခဲ့ရကြောင်း ကုလသမဂ္ဂ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၂၇ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း နိုဝင်ဘာ ၂၆**

ဗီယက်နမ်နိုင်ငံ၌ နိုဝင်ဘာ ၂၆ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၂၇ ဦး ထပ်မံတွေ့ရှိရာ ယမန်နေ့ကထက် ၁၄၇ ဦးလျော့နည်းသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ ကူးစက်ခံရသူအားလုံးမှာ ဒေသတွင်း ကူးစက်မှုဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ရောဂါကူးစက်မှုသစ်များ အပါအဝင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၁၅၁၄၁၇၄ ဦးရှိပြီ ဖြစ်သည်။ ကိုဗစ်-၁၉ကြောင့် ထပ်မံသေဆုံးသူ မရှိသော်လည်း အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၁၇၀ ရှိပြီဖြစ်သည်။ နိုဝင်ဘာ ၂၆ ရက်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်နေသူ ၁၀၈ ဦးရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူ ၉၂ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

အသက် ၁၈ နှစ်နှင့် အထက်ပြည်သူများကို ကာကွယ်ဆေးအလုံးရေ ၂၂၂ ဒသမ ၇ သန်းကျော် ထိုးနှံပေးမှုအပါအဝင် နိုင်ငံအတွင်း ကာကွယ်ဆေးအလုံးရေ ၂၆၄ သန်းနီးပါ ထိုးနှံပေးပြီးဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် အိုမီခရွန် BA.4၊ BA.5၊ BA.2.12.1 နှင့် BA.2.74 ဗီဇပြောင်းမျိုးကွဲများ ကူးစက်ဖြစ်ပွားလျက်ရှိပြီး စတုတ္ထအကြိမ် ကာကွယ်ဆေးထိုးနှံမှုနှင့်အတူ ပြည်သူများ၏ ကာကွယ်ဆေးထိုးနှံခြင်း အရှိန်အဟုန်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ ကလေးမွေးဖွားမှုနှုန်း စံချိန်တင်ကျဆင်း

**တိုကျို နိုဝင်ဘာ ၂၆**

ဂျပန်နိုင်ငံတွင် ကလေးမွေးဖွားမှုနှုန်းမှာ စံချိန်တင်ကျဆင်းလျက်ရှိသည်။ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကလေးငယ်ပေါင်း ခြောက်သိန်းအောက်မွေးဖွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြော သည်။

ယခုနှုန်းအတိုင်းသာ ဆက်သွားပါက ဂျပန်နိုင်ငံတွင် ၁၈၉၉ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကလေးမွေးဖွားမှုနှုန်းမှာ ရှစ်သိန်းအောက် ကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။ ပထမကိုးလတွင် ကလေးအရေအတွက် ၅၉၉၆၃၆ ဦး မွေးဖွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကနဦးအစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ ကလေးအရေအတွက်တွင် နိုင်ငံခြားသားကလေးများလည်းပါဝင်သည်။ ၂၀၂၁ခုနှစ်တွင် ကလေးအရေအတွက် ၈၁၁၆၂၂ ဦး မွေးဖွားခဲ့ကြောင်း သိရသည်။ ယခုလအစောပိုင်းတွင် ဂျပန်သုတေသနအင်စတီကျူက ၂၀၂၂ခုနှစ်တွင် ကလေးပေါင်း ၇၇၀၀၀၀ မွေးဖွားမည်ဟု ခန့်မှန်းထားသည်။ ယခုနှစ်တွင် ကလေးမွေးဖွားမှုနှုန်း ကျဆင်းရခြင်းမှာ ကပ်ရောဂါကြောင့်လည်း တစ်စိတ်တစ်ပိုင်းပါဝင်ကြောင်း ဝန်ကြီးဌာနအရာရှိများက ပြောသည်။ ကပ်ရောဂါစတင်သည့် အချိန်မှစတင်ကာ လက်ထပ်သည့်စုံတွဲအရေအတွက် နည်းပါးသွားသကဲ့သို့ ကလေးမွေးဖွားမှုနှုန်းမှာလည်း ကျဆင်းသွားသည်။



**အင်န်အိတ်ချ်ကေ**



ယူဂန္ဒာနိုင်ငံရှိ ကော်ဖီစိုက်ခင်းများကို တွေ့ရစဉ်။

# မိရိုးဖလာလုပ်ငန်းမှ ကမ္ဘာ့ဈေးကွက်ချဲ့ထွင်လာတဲ့ ယူဂန္ဒာ ကော်ဖီ

နေနှောင်းအိမ်

ကော်ဖီ ကို နှစ်နှစ်ကာကာ စွဲစွဲလမ်းလမ်း သောက်သုံးတတ်တဲ့သူတွေဟာ သူတို့ရဲ့ နံနက်ခင်းကို ကော်ဖီတစ်ခွက် သောက်ရင်း စတင်လေ့ရှိတယ်လို့ ဆိုပါတယ်။ ကော်ဖီကို နံနက်ပိုင်းသောက်တာက တစ်နေ့တာ စတင်မယ့် အားအင်တွေကို တိုးပွားစေပါတယ်။ နေ့လယ်ပိုင်းသောက်တာက အစာခြေစနစ်ကို ကူညီပေးပြီး အစာအဆိပ်တက် ငိုက်မြည်းခြင်းကနေ ကာကွယ်ပေးပါတယ်။ နောက်ပြီး ညနေပိုင်းသောက်တာက လန်းဆန်းစေတယ်လို့ ဆိုတာကြောင့် အချို့ ကော်ဖီချစ်သူတွေဟာ တစ်နေ့ကို သုံးကြိမ်လောက် သောက်သုံးလေ့ရှိပါတယ်။

### အဓိကဝင်ငွေရင်းမြစ်ဖြစ်

ယူဂန္ဒာနိုင်ငံအရှေ့ပိုင်း ဘူလမ်ဘူလီခရိုင် တောင်တန်းဒေသ ကီကိုဘီရိုကျေးရွာတစ်ရွာမှ ဆမ်ဝီရီ နန်ဂိုလီဟာ ကော်ဖီပင်တွေကို ပြုစုစောင့်ရှောက်တဲ့ အတတ်ပညာတစ်ခုကို ဘိုးဘေးဘီဘင်တွေရဲ့ လက်ဆင့်ကမ်း အမွေပေးခဲ့မှုမှ လက်ခံရရှိခဲ့သူ ဖြစ်ပါတယ်။ ငယ်ရွယ်စဉ်ကလေးဘဝတည်းက အသက် ၇၅ နှစ်အရွယ်ရှိ နန်ဂိုလီဟာ ရပ်ကွက်အတွင်းက ကလေးတွေကဲ့သို့ ကော်ဖီဟာ မိသားစုတစ်စုအတွက် အဓိကဝင်ငွေရင်းမြစ်ဖြစ်ကြောင်း သင်ကြားခဲ့ရပါတယ်။

### ကော်ဖီပင်တွေ ပေးလေ့ရှိ

ဒါဟာ မျိုးဆက်တစ်ခုကနေတစ်ခု ဆင်းသက်လာတဲ့ မိသားစုဓလေ့တစ်ခုဖြစ်ပြီး ယောကျ်ားလေးယောက် အရွယ်ရောက်လာတဲ့အခါ ဘဝသစ်တစ်ခုစတင်နိုင်ဖို့အတွက် ကော်ဖီပင်တွေ ပေးလေ့ရှိတယ်လို့ သိရပါတယ်။ အဲဒီနောက်မှာ ဆမ်ဝီရီဟာ ဝေးလံခေါင်သီတဲ့ ကျေးရွာမှ အထူးကော်ဖီတွေကို ကမ္ဘာ့အဓိက မြို့ကြီးတွေမှာ ရောင်းချဖို့ ခရီးနှင်နေတဲ့ မာတင်နန်ဂိုလီအား ထိုအတတ်ပညာကို လက်ဆင့်ကမ်းခဲ့ပါတယ်။

### ပြေလည်အောင် ဖြေရှင်းခဲ့ရ

မကြာသေးမီက ဆင်ဟွာနဲ့ပြုလုပ်တဲ့ အင်တာဗျူးတစ်ခုမှာ နန်ဂိုလီက ၁၉၇၀ ပြည့်နှစ်တွေမှာ နိုင်ငံရေး မတည်ငြိမ်မှုတွေကြောင့် အခက်အခဲတွေနဲ့ ကြုံတွေ့ခဲ့ရပြီး အိမ်နီးချင်း ကင်ညာနိုင်ငံကို ကော်ဖီမှောင်ခိုသွင်းခဲ့ရတယ်လို့ ပြောပါတယ်။ အဲဒီအချိန်တုန်းက အမှန်တကယ်ခက်ခဲကြောင်း၊ ကော်ဖီကို မှောင်ခိုတင်သွင်းလို့ ရတဲ့ငွေနဲ့ ဆား၊ သကြားစတဲ့ မိသားစုစားဝတ်နေရေးအတွက် အခြေခံလိုအပ်ချက်တွေကို ဝယ်ယူဖြည့်ဆည်းခဲ့ရသလို ကလေးတွေ ကျူရှင်ကြေးတွေကိုလည်း ထိုနည်းနဲ့ ပြေလည်အောင် ဖြေရှင်းခဲ့ရတယ်လို့ ၎င်းက ဆက်ပြောပါတယ်။

### လန်ဒန်သို့ တင်ပို့နိုင်ပြီဖြစ်

နှစ်အတန်ကြာလာတော့ ၎င်းရဲ့သားဖြစ်သူ နန်ဂိုလီဟာ ကော်ဖီအထွက်နှုန်းတိုးစေပြီး ပိုမိုကောင်းမွန်တဲ့ စိုက်ပျိုးရေးအတတ်ပညာကို ရွာမှာ မိတ်ဆက်ခဲ့ပါတယ်။ ၎င်းရဲ့အဖွဲ့အစည်း ခီကိုဘီရိုကော်ဖီမှတစ်ဆင့် လက်ရှိမှာ ရွာက ကော်ဖီတွေကို လန်ဒန်သို့ တင်ပို့နိုင်ပြီဖြစ်ပါတယ်။ ဒါ့အပြင် ဘော်လ်ကန်နိုင်ငံများကဲ့သို့သော ဈေးကွက်သစ်တွေကိုလည်း ပစ်မှတ်ထားလာနိုင်ပြီ ဖြစ်ပါတယ်။ ကော်ဖီကနေ ရောင်းလို့ရတဲ့ ငွေကြေးအချို့ကို လူငယ်လူရွယ်များ စာပေတတ်မြောက်ရေးအတွက် ရွာမှာ မူလတန်းကျောင်း နှစ်ကျောင်း ဆောက်လုပ်ထားပြီးဖြစ်တယ်လို့ ဆိုပါတယ်။

### မိသားစုတွေအတွက် အဓိက ကျောရိုးသဖွယ်

ကျောင်းလခမပေးနိုင်တဲ့ ကျောင်းသားမိဘအချို့ကို ငွေပေးချေမှုပုံစံအဖြစ် ကျောင်းအုပ်ချုပ်ရေးအဖွဲ့သို့ ကော်ဖီယူဆောင်လာကြဖို့ တိုက်တွန်းထားတယ်လို့ နန်ဂိုလီက ပြောပါတယ်။ ကွင်းခရိုင်ရှိ အငြိမ်းစားဆေးဘက်ဆိုင်ရာ ဆရာဝန် အဲလ်ဖရက်ဘိုယို မာရှန်ဒစ်ရှ်က ကော်ဖီတန်ဖိုးမြှင့်ကွင်းဆက်ကို အပင်ကနေ တင်ပို့တဲ့နေရာအထိ ကြီးကြပ်လုပ်ဆောင်ပါတယ်။ ကော်ဖီကုမ္ပဏီတစ်ခုကို ဦးစီးလုပ်ကိုင်နေတဲ့ မာရှန်ဒစ်ရှ်ကလည်း ဆင်ဟွာနဲ့ အင်တာဗျူးတစ်ခုမှာ ယူဂန္ဒာနိုင်ငံရဲ့ ကျေးလက်ဒေသအများစုက မိသားစုတွေအတွက် ကော်ဖီဟာ အဓိကကျောရိုးသဖွယ်ဖြစ်တယ်လို့ ပြောပါတယ်။

### သုံးနှစ်မှ လေးနှစ်အထိ ကြာ

မာရှန်ဒစ်ရှ်က ၎င်းရဲ့ခြံဝင်းအတွင်းမှာ အသေးစားကော်ဖီထုတ်လုပ်တဲ့ စက်ရုံတစ်ခုရှိပြီး အလုပ်သမားအများစုမှာ လူငယ်တွေဖြစ်တယ်လို့ဆိုပါတယ်။ အသက် ၂၉ နှစ်အရွယ် အွန်းနစ် ချီကက်တူက ကော်ဖီဆွတ်ခူးချိန်ဟာ စိုက်ပျိုးချိန်ကနေ သုံးနှစ်မှ လေးနှစ်အထိ ကြာတယ်လို့ ပြောပါတယ်။ ဒါကို လူတွေအများစုက စိတ်မရှည်ကြဘူး၊ မြန်မြန်ခူးပြီး မြန်မြန်ပိုက်ဆံလိုချင်တယ်။ ကော်ဖီကို ရေရှည်တည်တံ့အောင် ထုတ်လုပ်ချင်ပေမယ့် လူငယ်တွေ ပူးပေါင်းပါဝင်မှု မရှိဘူးဆိုရင် အောင်မြင်မှာ မဟုတ်သလို ကော်ဖီတန်ဖိုးမြှင့် ကွင်းဆက်ထုတ်လုပ်ရာမှာလည်း လူငယ်တွေပါဝင်မှုဟာ အလွန်ကိုအရေးကြီးတယ်လို့ ပြောပါတယ်။

### စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရှုမြင်ရန်လည်းလို

ခေတ်ရေစီးကြောင်းကိုကြည့်ရင်လည်း ကော်ဖီစိုက်သူ အများစုဟာ အသက်ကြီးပိုင်းတွေများတယ်၊ ဒါကြောင့် လူငယ်လူရွယ်တွေအနေနဲ့ ကော်ဖီစိုက်တဲ့လုပ်ငန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်မလုပ်ဆောင်ဘူးဆိုရင် တစ်ချိန်ချိန်မှာ ကော်ဖီတန်ဖိုးမြှင့်ကွင်းဆက် ပြတ်တောက်သွားနိုင်ကြောင်းနဲ့ ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခြင်းကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရှုမြင်ရန်လည်း လိုအပ်ကြောင်း ချီကက်တူက ပြောပါတယ်။

### အစိုးရက ကော်ဖီတိုးမြှင့်ထုတ်လုပ်ဖို့ရည်မှန်း

ဒါ့အပြင် ကော်ဖီတစ်ဧကနဲ့ အိုင်ယာလန်အာလူးတစ်ဧက စိုက်ပျိုးရင် ကွာခြားချက်က အလွန်ကြီးပြီး ကော်ဖီပင်ဟာ ကြီးလာတဲ့အခါ နှစ်များစွာကြာခူးဆွတ်နိုင်တယ်လို့ ၎င်းက ဆက်ပြောပါတယ်။ လက်ရှိမှာ ယူဂန္ဒာ အစိုးရက ၂၀၃၀ ပြည့်နှစ်မှာ ကော်ဖီကို တိုးမြှင့်ထုတ်လုပ်ဖို့ ရည်မှန်းထားနေတဲ့အတွက် ကော်ဖီစိုက်ပျိုးရေးကို တိုးချဲ့လုပ်ဆောင်ဖို့ တောင်သူတွေကို တိုက်တွန်းထားပါတယ်။ ကော်ဖီစိုက်ပြီး အသက်မွေးဝမ်းကျောင်းပြုသူ မိသားစု ၁ ဒသမ ၇ သန်းဟာ ဝင်ငွေသုံးဆရရှိလာမယ်လို့ ဆိုပါတယ်။

ဥရောပနဲ့ အမေရိကန်ဈေးကွက်တွေအပြင် ယူဂန္ဒာနိုင်ငံဟာ လက်ရှိမှာ တရုတ်၊ ဘော်လ်ကန်နိုင်ငံများကဲ့သို့သော ဈေးကွက်သစ်တွေကို ရှာဖွေနေပြီ ဖြစ်ပါတယ်။ ။

ကိုးကား – ဆင်ဟွာ



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၂၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၃၄,၅၇၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၁၅၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၆၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၅) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၀၅ | ၂၉၂၀ |
| 95 Ron | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၈၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၅ | ၁၉၇၇ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၂၇၃ | ၂၃၄၈ |
| HSD (50 ppm) | ၂၃၄၇ | ၂၄၂၃ |
| HSD (10 ppm) | ၂၃၄၇ | ၂၄၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေး

ကိုကျော်စွာ (ကျိုက်ပိ)

ယနေ့ခေတ်လူအများသည် ကိုယ်လက်လှုပ်ရှားအားကစားလုပ်ခြင်းကို လေ့လာလိုက်စားလာကြသည်ကို တွေ့ရပါသည်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရာတွင် အများအားဖြင့် လမ်းလျှောက်ခြင်းကို လူကြီး၊ လူငယ်၊ လူရွယ်များပါ ပြုလုပ်လေ့ရှိသည်။ "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့"ဟူသော သီချင်းကဲ့သို့ပင် နံနက်စောစောတွင် လမ်းလျှောက်လေ့ကျင့်ခန်း ပြုလုပ်လေ့ရှိကြသလို တချို့ကလည်း ညနေစောင်းတွင် လမ်းလျှောက်လေ့ရှိကြသည်။ လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို များစွာအထောက်အကူပြုပြီး ယခုလိုဆောင်းရာသီအချိန်သည် လမ်းလျှောက်ရန် အကောင်းဆုံးဖြစ်ပါသည်။



## မြန်မာနိုင်ငံ၏ လမ်းလျှောက်ခြင်းအစ

မြန်မာနိုင်ငံတွင် ခြေကျင်လမ်းလျှောက်ခြင်းကို ကျန်းမာရေးလုပ်ငန်းတစ်ရပ်အဖြစ် စတင်စည်းရုံးလှုံ့ဆော်ခဲ့သော အဖွဲ့တစ်ဖွဲ့ ၁၉၃၂ ခုနှစ်က စတင်ပေါ်ပေါက်ခဲ့ကြောင်း၊ ယင်းအဖွဲ့ကို စတင်ခဲ့သူမှာ ကာယဗလဦးရှိန်၊ ဦးအုန်းခင်၊ ဦးဇော်ဝိတ်နှင့် ဦးစံသင်တို့ဖြစ်ကြောင်း သိရသည်။ ထိုအထဲတွင် ဦးအုန်းခင်သည် နှလုံးရောဂါသည်ဖြစ်၍၊ အလွန်ဆုံး ခြောက်လပဲ နေရတော့မည်ဟု ဆရာဝန်၏ မှတ်ချက်ပြုခြင်းကို ခံရသူလည်းဖြစ်သည်။ ထိုအခါ ဦးရှိန်သည် ဦးအုန်းခင်ကိုခေါ်၍ ကျန်းမာရေးအတွက် နံနက်တိုင်းလမ်းလျှောက်ကြသည်။ လမ်းလျှောက်စတွင် ဦးအုန်းခင်သည် အလွန်မောပန်းသော်လည်း နောက်ပိုင်းတွင် ခရီးအတော်ပေါက်အောင် လမ်းလျှောက်နိုင်လာပြီး ဆရာဝန်၏ ခြောက်လသာခံတော့မည်ဟူသော မှတ်ချက်လွဲမှား၍ နှလုံးရောဂါ ပျောက်ကင်း ကျန်းမာလာခဲ့သည်။

## ဆေးနည်းမလိုသော သက်ရှည်ရုပ်ပျိုဆေး

လမ်းလျှောက်ခြင်း၏ အကျိုးအာနိသင်ကို လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကပင် သိရှိခဲ့သူတစ်ဦးလည်း ရှိခဲ့သည်။ မြတ်စွာဘုရားရှင်ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် လမ်းလျှောက်ခြင်းနှင့်ပတ်သက်၍ အကျိုးငါးပါးကို အင်္ဂုတ္တရပါဠိတော်၌ ဟောကြားခဲ့ရာ (၁)ခရီးရှည်သွားနိုင်ခြင်း၊ (၂)အလုပ်အကိုင်၌ အပင်ပန်းခံနိုင်၍ လုံ့လ ထုတ်နိုင်ခြင်း၊ (၃) အနာရောဂါနည်းခြင်း၊ (၄)ကောင်းစွာအစာကြေကျက်ခြင်း၊ (၅)သမာဓိစိတ်၏ တည်ကြည်ခြင်းသည် ကာလကြာမြင့်စွာတည်ခြင်း စသည်တို့ဖြစ်သည်။

ကမ္ဘာကျော် ကျန်းမာရေးမဂ္ဂဇင်းတစ်ခုဖြစ်သော Reader's Digest တွင်လည်း လမ်းလျှောက်ခြင်းသည် အားကစားရုံ(သို့မဟုတ်)အားကစားခန်းမ မလိုဘဲ လေ့ကျင့်နိုင်သည့် ကျန်းမာရေးလေ့ကျင့်ခန်းဖြစ်သည်။ ဆေးဝါးမလိုသော ကျန်းမာရေးလမ်းညွှန်မှုလည်းဖြစ်သည်။ အစားအစာလျှော့စားရန်မလိုသော ကိုယ်အလေးချိန် ထိန်းသိမ်းနည်းလည်းဖြစ်သည်။ ဆေးသောက်စရာမလိုသော စိတ်ငြိမ်ဆေးတစ်မျိုးလည်းဖြစ်သည်။ ဆရာဝန်နှင့်ဆွေးနွေးကုသရန်မလိုသော စိတ်သောကကုထုံးတစ်မျိုးလည်း ဖြစ်သည်။ ဆေးနည်းမလိုသော သက်ရှည်ရုပ်ပျိုဆေးလည်းဖြစ်သည်။ အလှကုန်ဆိုင်တွင် တကူးတက ဝယ်ရန်မလိုသော အလှပြင်ပစ္စည်းတစ်မျိုးလည်းဖြစ်သည်ဟု ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ မီချီဂန်ဆေးတက္ကသိုလ်မှ ပညာရှင်များက အမျိုးသမီးနှင့်အမျိုးသား ၆၄၀၀၀၀ ကို လေ့လာခဲ့ရာ လမ်းလျှောက်လေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်သူများသည် လမ်းလျှောက်ခြင်းလေ့ကျင့်ခန်း ပုံမှန်မလုပ်သူများထက် သုံးနှစ်ခန့် အသက်ပိုရှည်ကြောင်း တွေ့ရှိခဲ့ကြသည်။ ထိုတွေ့ရှိချက်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလထုတ် Live Science ဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့သည်။

လမ်းလျှောက်ခြင်းဖြင့် အသားအရည်ကို စိုပြည်စေသည်။ ခန္ဓာကိုယ်ရှိ အဆိပ်အတောက်ကို လျော့နည်းစေသည့်အတွက် ရုပ်ဆင်းလှပစေသည်။ အသားအရည် တင်းတင်းရင်းရင်းရှိပြီး ပါးရည်တွန့်ခြင်းကိုလည်း သက်သာစေသည်။ ထို့ကြောင့် လမ်းလျှောက်ခြင်းသည် အိုမင်းမှုကိုပင် ဟန့်တားနိုင်ပြီး အသက်ကိုရှည်စေပါသည်။

လူတစ်ယောက်သည် နေ့စဉ်အနည်းဆုံး သုံးမိုင်ခန့်လမ်းလျှောက်သင့်သည်ဟုသိရသည်။ ထို့ကဲ့သို့ လမ်းလျှောက်ပါက သွေးလည်ပတ်မှု အားကောင်းပြီး ကျန်းမာစေသည်။ ကမ္ဘာ့အိုလံပစ်အားကစားပွဲ စတင်ပေါ်ပေါက်ရာ ဂရိနိုင်ငံ၏ ကမ်းခြေမှ ကျောက်ကမ်းပါးများပေါ်တွင် "သင်ကျန်းမာချင်သလား၊ လမ်းလျှောက်ပါ။ သင်ဉာဏ်ကောင်းချင်သလား၊ လမ်းလျှောက်ပါ။ သင်လှချင်သလား၊ လမ်းလျှောက်ပါ"ဟူသော စာသားများ ထွင်းထုထားသည်ဟု သိရသည်။

## လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

လမ်းလျှောက်ခြင်းကို နေ့စဉ်ပြုလုပ်ရန် ဆရာဝန်များကလည်း အားပေးကြသည်။ လူတစ်ယောက်လမ်းလျှောက်ပါက အပြင်ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများသာမက ခန္ဓာကိုယ်အတွင်း အစိတ်အပိုင်းများလည်း လှုပ်ရှားနေသည်။ အပြင်အစိတ်အပိုင်းများဖြစ်သည့် ခန္ဓာကိုယ်အပါအဝင် ခြေနှင့်လက်တို့ လှုပ်ရှားနေသလို အဆုတ်သည် လေကောင်းလေသန့်ကို ရှူရှိုက်နေရသည်အတွက် ဖောင်းကြွနေသည်။ ခြေနှင့်လက်တို့ လှုပ်ရှားရသည့်အတွက် ကြွက်သားများသည် ဆန့်လိုက်တန်းလိုက် လှည့်ပတ်လိုက် အလိုအလျောက် ဆုပ်နယ်ပြီးဖြစ်နေသည်ဟုဆိုသည်။ ခြေလက်များအပြင် လည်ပင်း၊ ရင်ခေါင်း၊ ဆီးခုံ၊ ကျောရိုးနှင့် တင်ပဆုံရိုးများသည်လည်း ပါဝင်လှုပ်ရှားနေသည်။

လမ်းလျှောက်ခြင်းကြောင့်အောက်ပါကျန်းမာရေး အကျိုးကျေးဇူးများကိုလည်း ရရှိစေသည်။ ယင်းတို့မှာ-

(၁) နှလုံးသွေးကြောဆိုင်ရာ ရောဂါများကို ကုသရာတွင် အထောက်အကူပြုခြင်း
(၂) ဆီးချိုသွေးချိုရောဂါကို ကုသရာတွင် အထောက်အကူပြုခြင်း
(၃) အရိုးအဆစ်နှင့် ကြွက်သားများ သန်စွမ်းစေခြင်း
(၄) ဦးနှောက်နှင့် အာရုံကြော အားကောင်းစေခြင်း
(၅) အိပ်ပျော်စားဝင်စေခြင်း
(၆) ကင်ဆာရောဂါအမျိုးမျိုးကို ကာကွယ်ပေးနိုင်ခြင်း
(၇) ကိုယ်ခံအားကို မြင့်တက်စေပြီး ရောဂါပိုးမွှားရန်မှ ကာကွယ်ပေးခြင်း
(၈) သက်ရှည်နုပျိုကျန်းမာစေခြင်း စသည်တို့ဖြစ်သည်။

## လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေး

လူတစ်ယောက် ကျန်းမာနေဖို့ဆိုလျှင် အသက်အရွယ်အလိုက် ရှိသင့်သော ကိုယ်အလေးချိန်ပေါ်မူတည်နေပါသည်။ နေ့စဉ်လမ်းလျှောက်ခြင်းသည် ကယ်လိုရီကို လောင်ကျွမ်းစေသည့်အတွက် ကိုယ်အလေးချိန်ကို လျှော့ချပေးပြီး အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်သည်။ နေ့စဉ်ပုံမှန်လမ်းလျှောက်သူများသည် လမ်းမလျှောက်သူများထက်ပို၍ သက်လုံကောင်းပြီး အမောခံနိုင်သည်။ စတင်လျှောက်စဉ် အနည်းငယ် မောနိုင်သော်လည်း နေ့စဉ်ပုံမှန်လျှောက်ပါက အမောခံနိုင်ပြီး သက်လုံကောင်းလာစေသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ်ပုံမှန်လမ်းလျှောက်သူများသည် ခန္ဓာကိုယ်အတွင်းမှ အင်ဒိုဖင် ခေါ် ဟိုမုန်းဓာတ်တစ်မျိုးထွက်ပြီး ယင်း၏ အာနိသင်ကြောင့် ကိုယ်ရောစိတ်ပါ လန်းဆန်းစေကြောင်း သိရသည်။ နံနက်စောစော လမ်းလျှောက်ပါက ဦးနှောက်နှင့် အာရုံကြောကို အားကောင်းစေပြီး အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်ပေးသလို အသက်ကြီးရင့်သူများတွင် သတိမေ့ရောဂါ (Dementia) မဖြစ်အောင်လည်း ကာကွယ်ပေးကြောင်း သိရသည်။ နေ့စဉ်ပုံမှန်လမ်းလျှောက်ပါက ဝမ်းမှန်အောင် အထောက်အကူပြုသည့်အတွက် ဝမ်းချုပ်ခြင်းကြောင့်ဖြစ်တတ်သော အူမကြီးကင်ဆာကိုလည်း ကာကွယ်ရာရောက်ပါသည်။

တစ်ရက်လျှင် ပုံမှန်မိနစ် ၃၀ နှုန်းဖြင့် တစ်ပတ်လျှင် ငါးရက်ခန့်လမ်းလျှောက်ပေးပါက နှလုံးရောဂါဖြစ်နိုင်ခြေကို ၁၉ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပါသည်။ အစာစားပြီးတိုင်း ခပ်မှန်မှန် ၁၅ မိနစ်ခန့် လမ်းလျှောက်ပေးပါက သွေးတွင်းသကြားဓာတ်ကိုလည်း လျှော့ချပေးနိုင်ကြောင်းသိရသည်။

လမ်းလျှောက်ခြင်းသည် နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများကို ကာကွယ်ကုသရာတွင်လည်း အထောက်အကူပြုပါသည်။ လမ်းလျှောက်ခြင်းသည် သွေးအတွင်း မကောင်းသည့်အဆီများ တိုးမလာအောင် ဟန့်တားပေးသည့်အတွက် ကိုယ်အလေးချိန်ကိုထိန်းပေးပြီး အဝလွန်ခြင်း၊ နှလုံးနှင့် သွေးကြောအဆီပိတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးတိုးခြင်းတို့မဖြစ်အောင် ကာကွယ်ပေးသည်။

## လမ်းလျှောက်မှုပုံစံ

လမ်းလျှောက်မည်ဆိုပါက ခြေဗလာဖြင့် မလျှောက်သင့်ပါ။ ဖိနပ်စီး၍လျှောက်သင့်ပါသည်။ အထူးသဖြင့် ကင်းဗတ်ဖိနပ် သို့မဟုတ် Walking shoe ဖိနပ်တစ်မျိုးမျိုးကို စီးထားရပါမည်။ ဖိနပ်သည်ပေ့ါပါးပြီး လမ်းလျှောက်၍ကောင်းသော အနေအထားမျိုး ဖြစ်ရမည်။ အဝတ်အစားအနေဖြင့် ပေါ့ပါးသော အဝတ်အစားမျိုးကို ရွေးချယ်ဝတ်ဆင်သင့်ပါသည်။ နံနက်စောစော လျှောက်လျှင် ပိုကောင်းပါသည်။

လမ်းလျှောက်ရာတွင် ဦးခေါင်းနှင့် ခါးကို တည့်မတ်စွာထားရပါမည်။ ဦးခေါင်းကို ရှေ့တည့်တည့်ထား၍ တံတောင်ဆစ်နှစ်ခုကို ၉၀ ဒီဂရီထားပြီး လွှဲလျှောက်ရမည်။ ခြေလှမ်းလှမ်းမည်ဆိုပါက ဖနောင့်ကိုအရင်ဆုံးချပြီးမှ ရှေ့ခြေဖဝါးကိုချပြီး ခြေနှင့် လက်ကို ဟန်ချက်ညီညီထား လျှောက်ရပါမည်။ လမ်းလျှောက်ရာတွင် မနှေးလွန်းမမြန်လွန်း လျှောက်သင့်ပါသည်။ မိမိ၏ သက်လုံအပေါ်မူတည်၍ လျှောက်က ပိုကောင်းပါသည်။

စုပေါင်းလမ်းလျှောက်ခြင်းသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုကိုရသလို ပျော်ရွှင်မှုကိုလည်း ရရှိစေသည်။ အထူးသဖြင့် ကျန်းမာရေးကို အလွန် ကောင်းမွန်စေပါသည်။ သို့ဖြစ်၍ လမ်းလျှောက်ခြင်းကြောင့် ရရှိစေသည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများအကြောင်းကို ရေးသားတင်ပြလိုက်ပါသည်။ ။

**✻ လမ်းလျှောက်ခြင်းသည် အားကစားရုံ (သို့မဟုတ်)အားကစားခန်းမမလိုဘဲ လေ့ကျင့်နိုင်သည့် ကျန်းမာရေး လေ့ကျင့်ခန်းဖြစ်သည်။ ဆေးဝါးမလိုသော ကျန်းမာရေးလမ်းညွှန်မှုလည်းဖြစ်သည်။ အစားအစာ လျှော့စားရန်မလိုသော ကိုယ်အလေးချိန် ထိန်းသိမ်းနည်းလည်းဖြစ်သည်။ ဆေးသောက်စရာမလိုသော စိတ်ငြိမ်ဆေးတစ်မျိုးလည်းဖြစ်သည်။ ဆရာဝန်နှင့် ဆွေးနွေးကုသရန်မလိုသော စိတ်သောကကုထုံးတစ်မျိုးလည်းဖြစ်သည်။ ဆေးနည်းမလိုသော သက်ရှည်ရုပ်ပျိုဆေးလည်းဖြစ်သည်။ အလှကုန်ဆိုင်တွင် တကူးတက ဝယ်ရန်မလိုသော အလှပြင်ပစ္စည်းတစ်မျိုးလည်းဖြစ်သည်**

ကိုးကား
၁- ဆေးရတနာ(တက္ကသိုလ်စိုးနိုင်)
၂- ရောဂါကင်းဝေးကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြပါစို့ ဆောင်းပါး (ခင်လေး-ပြည်ထောင်စုနယ်မြေ)
၃- ကျန်းမာဖို့လမ်းလျှောက်စို့ ဆောင်းပါး (ဦးဘုန်းကြိုင်)
၄- သဘာဝမှရသော ကျန်းမာသုခ (ဒေါက်တာ ခင်မောင်လွင်)

## ဆရာကြီးဦးလေးမြိုင် ရေးသားသည့် "လောကကြေးမုံ" စာအုပ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၆**

၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရရှိသည့် ဆရာကြီးဦးလေးမြိုင်ရေးသားသည့် "လောကကြေးမုံ" စာအုပ်ကို စာပေဗိမာန်က ပြန်လည်ထုတ်ဝေလိုက်ပါသည်။ "လောကကြေးမုံ" စာအုပ်ကို နှလုံးလှစာပေက ၁၉၈၁ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၈ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၀ ပြည့်နှစ်တွင် တတိယအကြိမ် ထုတ်ဝေခဲ့ပြီး စတုတ္ထအကြိမ်အဖြစ် ၂၀၂၂ ခုနှစ်တွင် စာပေဗိမာန်က ထုတ်ဝေခြင်းဖြစ်ပါသည်။

ဤလောက လူ့ကမ္ဘာ၌ တာဝန်သိသော လူသားတို့သည် မိမိကောင်းကျိုး၊ လောကကောင်းကျိုးအတွက် ကြိုးစားရှာဖွေထမ်းဆောင်လေ့ရှိကြ၏။ လူသားတို့၏ ဆောင်ရွက်မှုများအတွင်း၌ မှားမှန်ဆိုးကောင်း ကျိုးကြောင်းဖြစ်စဉ် ဖြစ်ရပ်တို့သည် များပြားလွန်းလှသည်။ ထိုဖြစ်စဉ်တို့သည် သမိုင်းရေစီးကြောင်း၏ သယ်ယူပို့ဆောင်ပေးမှုကြောင့် လောကကြေးမုံပြင်၌ အရိပ်အသွင် နိမိတ်ထင်လျက်ရှိကြ၏။

ဤစာအုပ်တွင် လူသားတို့ ဘဝအနှစ်သာရကို ရှာဖွေကြရာတွင် လောကကြေးမုံပြင်၌ ထင်ဟပ်လာသည့် ကောင်းကျိုး ဆိုးကျိုး နိမိတ်ပုံအရိပ်စုံကို ထင်သာ မြင်သာအောင် ထုတ်နုတ်တင်ပြထားသည်။ တင်ပြရာ၌ မြန်မာတို့နှင့် အနီးစပ်ဆုံး နယ်နိမိတ်အတွင်းမှ လူသားတို့၏ဖြစ်စဉ်ဖြစ်ရပ်အချို့ကို စာကိုးကျမ်းကိုး ပြည့်စုံစွာ အထောက်အထားဖြင့် ရေးသားပြုစုထားသည်။

စာအုပ်တွင် အခန်းခေါင်းစဉ် ၁၇ ခု ပါဝင်လျက် အကြောင်းရပ် အဖြစ်အပျက်ပေါင်း ၅၀ ကျော်ကို စုစည်းတင်ပြထားသည်။ မရေမရာ ဆောင်ရွက်မှုဖြင့် ကြုံတွေ့ရသည့်အမှားများ၊ ဝဋ်ကြွေး၊ စကားနောက်တရားပါ၊ စကား၏သတ္တိ၊ အပေးနှင့်အယူ၊ အထိမခံခြင်း၊ အမြင် စသည်ဖြင့် လောကဓမ္မတာ အကြောင်းရပ် အဖြာဖြာကို လူပုဂ္ဂိုလ်တို့၏ ဖြစ်ရပ်မျိုးစုံဖြင့် ရေးသားထားသည်။

မြန်မာရာဇဝင် သမိုင်းဗဟုသုတများနှင့်အတူ လူ့ဘဝခရီးတွင် ကျင်လည်လျှောက်လှမ်းကြစဉ် သတိသမ္ပဇဉ်ဖြင့် ကျင့်ကြံကြရန် ဆင်ခြင်နိုင်ဖွယ် လမ်းညွှန်ချက်များဖြစ်သဖြင့် စာဖတ်သူများအတွက် တန်ဖိုးရှိလှသည့် စာအုပ်ဖြစ်ပါသည်။

စာအုပ်တွင် စာမျက်နှာ ၂၇၁ မျက်နှာ ပါဝင်ပြီး တန်ဖိုး ကျပ် ၄၀၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် (၅၂၉- ၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကွက်စိပ်ဗေဒသုခမ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဆရာ မင်းသျှင်အောင် (တွံတေး)၏ **"ကွက်စိပ်ဗေဒသုခမ"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ယင်းစာအုပ်တွင် မြန်မာ့ကွက်စိပ်သဘင် သမားစဉ်၊ မြန်မာ့ကွက်စိပ်နှင့် ဆိုင်ပြောအနုပညာ ရသ၊ နိုင်ငံခြားရောက် မြန်မာ့ကွက်စိပ်၊ ရှေးခေတ်နှင့် လွတ်လပ်ရေးရပြီးခေတ်မှ ကွက်စိပ်ပညာရှင်ကြီးများနှင့် ၎င်းတို့၏ ကွက်စိပ်ဇာတ်ထုပ်များနှင့် ဆိုင်ပြောပညာရပ်များ၊ စာစကားများ၊ ကွက်စိပ်ဘာသာရပ် ဆွေးနွေးရေးအဖွဲ့၏ မြန်မာ့ရုပ်မြင်သံကြားရိုက်ကူးဆွေးနွေးချက်များ၊ စာဖတ်သူတို့၏ ရုပ်သံလိုင်းမှ ကွက်စိပ်ပညာ အသံလွှင့်ဟောပြောချက်များ၊ မဟာဗုဒ္ဓဝင်တောထွက်ခန်း၊ ကွက်စိပ်ဗေဒသုခမ၊ စာပြောကွက်စိပ်ဇာတ်ညွှန်း၊ မြန်မာ့ရွတ်ထုံး၊ ဖတ်ထုံး၊ သဒ္ဒါ ဆယ်ပါး စသည်ဖြင့် အကြောင်းခြင်းရာစုံလင်စွာ ပါဝင်သည့်အပြင် တွေ့ဆုံမေးမြန်းချက်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ ဇာတ်နိပါတ်တော်၊ ဇာတ်လမ်း၊ အဆို၊ အငို၊ အပြော နှုတ်မှုရေးရာ စာပေအနုပညာများကို အထောက်အထား ခိုင်လုံစွာ ကြိုးစားပြုစုရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၃၅၀၀ ဖြင့် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉- ၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ အဲန်လူမျိုးများ၏ ရိုးရာဓလေ့

**— — — အောင်ဇင်မြင့်(ပြန်/ဆက်) — — —**



ရိုးရာနတ်ပူဇော်ပွဲ ကျင်းပနေသည့် အဲန်လူမျိုးစုဝင်များ။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စု တောင်ပေါ်ဒေသရှိ နမ့်လင်းမိုင်ကျေးရွာမှာ အဲန်လူမျိုး အများစု နေထိုင်ကြပါတယ်။ အဲန်လူမျိုးများဟာ အနက်ရောင်ဝတ်စုံကိုသာ ကိုယ်တိုင်ဖန်တီးရက်လုပ်ပြီး ရှေးရိုးဆန်ဆန် ဝတ်ဆင်ကြပါတယ်။ သွားတွေကို မည်းနေမှလှတယ်လို့ ယူဆကြတဲ့အတွက် သူတို့ရဲ့ သွားတွေကို မည်းနေအောင် ပြုလုပ်ထားကြပါတယ်။ အမျိုးသားအများစုကို ဆံပင်ရှည်ကြီးများနဲ့ ရှေးရိုးဆန်စွာ မြင်တွေ့ရပါတယ်။ အဲန်လူမျိုးများရဲ့ ရှေးကျတဲ့ နေထိုင်မှုပုံစံတွေကို ထူးခြားစွာ တွေ့မြင်ရတဲ့ ဒီဒေသဟာ နိုင်ငံခြားသား ခရီးသွားတွေကို ဆွဲဆောင်နိုင်ပါတယ်။

### ရိုးရာဓလေ့များ

သူတို့ရဲ့သွားတွေကို မည်းအောင် မိုက်ကော်သစ်ပင်မှ အခေါက်ကို အဆီရရှိအောင် မှိုင်းတိုက်ပြီး သွားတွေကို သူတို့ရဲ့ အသက် ၁၂၊ ၁၃ နှစ် အရွယ်မှာ ကတည်းက စတင်သုတ်လိမ်းကြပါတယ်။ သစ်ရွက်ခြောက်၊ ဆေးနီ သစ်ခေါက်ကိုလည်း အခွံခွာပြီး ကွမ်းယာကဲ့သို့ အမြဲတစေဝါးလေ့ ရှိပါတယ်။ အမျိုးသမီး၊ အမျိုးသားအားလုံး နားပေါက်ဖောက်ကြကာ သူတို့ရဲ့ ရိုးရာပွဲနေ့များမှာ ပန်းတွေ ထည့်ပန်ကြပါတယ်။ ငွေလက်ကောက်များ အမြဲဝတ်ဆင်ပြီး ဖိနပ်ကိုတော့ စီးလေ့မရှိတဲ့ သူတို့ရဲ့ လူနေမှုပုံစံများက စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။

အဲန်လူမျိုးများဟာ တောင်ယာစပါး၊ သီးနှံစိုက်ပျိုးခြင်း၊ မွေးမြူရေးနှင့် အမဲလိုက်ခြင်းတို့ကို အဓိကလုပ်ကိုင် ရပ်တည်နေထိုင်ကြပါတယ်။

### ယုံကြည်ကိုးကွယ်မှု

မိရိုးဖလာ နတ်ကိုးကွယ်ကြတဲ့ လူမျိုးစုတစ်စုဖြစ်ပြီး သီးသန့်နေထိုင်ရာ ကမ္ဘာလေးကဲ့သို့ တွေ့မြင်ရပါတယ်။ အဲန်လူမျိုးတွေဟာ တောစောင့်နတ်၊ တောင်စောင့်နတ်နဲ့ သေဆုံးသွားတဲ့ ဘိုးဘေးနတ်တွေကို ကိုးကွယ်ယုံကြည်ကြပါတယ်။ ရိုးရာနတ်ပွဲကို ဆောင်းအကုန် နွေအကူးကာလမှာ အမဲလိုက်ကြပြီး ရရှိလာတဲ့သားကောင်နဲ့ ပူဇော်ပွဲ ပြုလုပ်ကြပါတယ်။ ရွာထဲမှာ လူမျိုးတွေရဲ့ ရိုးရာနတ်စင်တစ်စင်ကို တွေ့ရှိရမှာဖြစ်ပြီး ရွာရဲ့နတ်ဆရာအိမ်မှာ သူတို့ ပူဇော်တဲ့ နတ်ကိုခေါ်ဖို့ ဗုံကြီးတစ်လုံးရှိပါတယ်။ အဲဒီဗုံကြီးကို ရိုးရာနတ်ပူဇော်ပွဲမှာ အမျိုးသားတွေသာ တီးကြရပြီး ဗုံတီးပူဇော်ခြင်းဖြင့် ရွာထဲသို့မကောင်းဆိုးရွားများ မဝင်ရောက်နိုင်ကြောင်း၊ ရန်သူတွေက သူတို့ကို မတွန်းလှန်နိုင်ကြောင်းနဲ့ ဆန်ရေစပါး ပေါကြွယ်ဝကြောင်း ယုံကြည်ကြပါတယ်။

### လူဦးရေနှင့် ဘာသာစကား

အဲန်လူမျိုးတွေဟာ အဲန်ကိုယ်ပိုင်ဘာသာစကားနဲ့ ရှမ်းဘာသာစကားကို အဓိက ပြောဆိုကြပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ အဲန်ရွာ စုစုပေါင်း ရွာ ၄၀ ရှိပြီး ၂၀၁၇ ခုနှစ် လူဦးရေစာရင်းအရ လူဦးရေ ၃၆၀၀ နီးပါးရှိတယ်လို့ သိရပါတယ်။

**"အဲန်လူမျိုးတွေဟာ အဲန်ကိုယ်ပိုင်ဘာသာစကားနဲ့ ရှမ်းဘာသာစကားကို အဓိက ပြောဆိုကြပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှာ အဲန်ရွာ စုစုပေါင်း ရွာ ၄၀ ရှိပြီး ၂၀၁၇ ခုနှစ် လူဦးရေစာရင်းအရ လူဦးရေ ၃၆၀၀ နီးပါးရှိတယ်လို့ သိရပါတယ်"**

အဲန်လူမျိုးတွေဟာ ရှမ်းတိုင်းရင်းသားမျိုးနွယ်ဝင် အုပ်စုတစ်စုဖြစ်ပြီး မြန်မာတိုင်းရင်းသား ၁၃၅ မျိုးမှာ စာရင်းဝင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စုမှာ အဲန်လူမျိုးတွေ နေထိုင်တဲ့ နမ့်လင်မိုင်၊ နမ့်လင်းကောင်၊ ပါးလို့၊ ပါကျော့၊ ပန်လေ၊ ဝမ်နောင်၊ တပ်ထပ်၊ ဝခါးစတဲ့ ကျေးရွာ ခုနစ်ရွာရှိပြီး မိုင်းလန်းကျေးရွာ အုပ်စုမှာ တစ်ရွာ၊ မိုင်းခတ်မြို့နယ်မှာ ၁၃ ရွာ၊ မိုင်းဖြတ်မြို့နယ်မှာ လေးရွာ တွေ့ရှိရပါတယ်။



ယခုအခါမှာ အဲန်လူမျိုးအများစုနေထိုင်ရာ ရွာလေးတွေမှာ အစိုးရက ကျောင်းများ၊ ဆေးပေးခန်းများ ထားရှိဆောင်ရွက်ပေးထားပြီ ဖြစ်ပေမယ့် ရှေးရိုးရာ လူမှုဓလေ့ထုံးစံနဲ့ နေထိုင်မှုတွေကတော့ ကျန်ရှိနေဆဲဖြစ်ပါတယ်။ ဘဝကို ရိုးရှင်းစွာ ဖြတ်သန်းနေထိုင်ကြတဲ့ အဲန်လူမျိုးတွေရဲ့ အလေ့အထက လေ့လာချင်စရာ ကောင်းတဲ့အတွက် ကျိုင်းတုံဒေသသို့ လာရောက်လေ့လာကြစို့ ဖိတ်ခေါ် ရေးသားလိုက်ရပါတယ်။ ။

## ပင်းတယမြို့နယ်၌ ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်

**ပင်းတယ နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ၂၀၁၉-၂၀၂၀/ ၂၀၂၁ -၂၀၂၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ကျောင်းသား ကျောင်းသူများအား အနာဂတ်မြန်မာနိုင်ငံတော်အတွက် အားကိုးအားထားရသည့် လူတော်၊ လူကောင်းများဖြစ်ကြပါစေကြောင်းနှင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့ထက် တော်သော၊ ကျောင်းသား ကျောင်းသူများဖြစ်အောင် ယခုထက်ပိုပြီးသင်ကြားပေးစေလိုကြောင်းအမှာစကားပြောကြားသည်။ ထို့နောက် ဥက္ကဋ္ဌက အ.ထ.က (ပင်းတယ)အတွက် အလှူငွေနှင့် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် ပွေးလှ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲသို့ ဆက်လက်သွားရောက်ပြီး ကျောင်းအတွက် အလှူငွေနှင့် ဆုရကျောင်းသား ကျောင်းသူများအား ဆုများကို ချီးမြှင့်ပေးခဲ့သည်။

**အောင်ကိုဦး(ပြန်/ဆက်)**

# ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ၂၀၂၂ ခုနှစ် ရိုးရာကောက်သစ်စားပွဲတော် ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၂၆**

ကချင်ပြည်နယ်အတွင်း တောင်သူတို့၏လယ်ယာမှ တစ်နှစ်တာအတွင်း ဦးစွာရရှိသည့် ကောက်ဦးစပါး ပေါ်ချိန်တွင် ကျင်းပကြသည့် အင်လုံအင်နန်ရှားပွဲဟု ခေါ်ဆိုသည့် ရိုးရာကောက်သစ်စား ကျေးဇူးတော် ချီးမွမ်းပွဲကို ယခုနှစ်တွင် နိုဝင်ဘာ ၂၅ ရက်က ကျင်းပသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့များ၊ ဒေသခံတောင်သူများစုပေါင်းပြီး ပထမဆုံး အကြိမ်အဖြစ် ၂၀၂၂ ခုနှစ် ရိုးရာကောက်သစ်စား ပွဲတော် ကျေးဇူးတော်ချီးမွမ်းပွဲကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း ဖြစ်သည်။

ကောက်သစ်စားပွဲတော်တွင် ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသူလေးများက လယ်ယာ ခြံထွက်သီးနှံများ ပါဝင်သည့် ကောက်ဦးပလိုင်းများ သယ်ဆောင်၍ သိက္ခာတော်ရဆရာတော်များက ကောက်ဦးပလိုင်း များအတွက် ဆုတောင်းဆက်ကပ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း ရိုးရာပွဲတော်များစွာ ရှိသည့်အနက် ယခုလို စပါးရိတ်သိမ်းပြီးချိန်တွင် ဦးဦးဖျားဖျားရရှိသည့် ကောက်ဦးကောက်သစ်ကို ယခုကဲ့သို့ တိုင်းရင်းသားပြည်သူများ၊ တောင်သူများနှင့် အတူတကွစုပေါင်း၍ ကျေးဇူးတော်ချီးမွမ်းခွင့်၊ အတူတကွသုံးဆောင်ခွင့်ရသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် သိက္ခာတော်ရဆရာတော်များနှင့် တက်ရောက်လာကြသူများက ဆုတောင်းဆက်ကပ် အပ်နှံခြင်းနှင့် ဂုဏ်တော်သီချင်းများ သီဆိုကြပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း များက လယ်ယာခြံထွက်သီးနှံများအတွက် ကျေးဇူး တော်ချီးမွမ်းခြင်းနှင့် သိက္ခာတော်ရဆရာများနှင့် ကတ်သလစ်ဘုန်းတော်ကြီးတို့က ဓမ္မဒေသနာတော် ဟောကြားခြင်းတို့ ဆောင်ရွက်ကာ သိက္ခာတော်ရ ဆရာ မဒိန်ဇုန်းကျန်းက ကောင်းချီးတောင်းခံ ဆုတောင်းဆက်ကပ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်နန်ဆိုင်းတို့က ကောက်ဦးပလိုင်းလက်ဆောင်များ ကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် များထံသို့ လည်းကောင်း၊ ကောက်ဦးပလိုင်းနှင့် အလှူငွေများကိုဘာသာရေးအသင်းတော်ခေါင်းဆောင် များထံလည်းကောင်း တစ်ဦးချင်းပေးအပ်ခဲ့ကြသည်။




ရိုးရာကောက်သစ်စားပွဲတော်သို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ပြည်သူများ။

ထို့နောက် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ တိုင်းရင်းသား တိုင်းရင်းသူလေးများက ကချင် တိုင်းရင်းသားတို့၏ ရိုးရာကောက်သစ်စားပွဲတော် တေးသီချင်းအကအလှများဖြင့် ကပြဖျော်ဖြေ တင်ဆက်မှုကို တက်ရောက်လာကြသူများက ကြည့်ရှု အားပေးခဲ့ကြပြီး တစ်နှစ်တာအတွင်း ပထမဆုံး ထွက်ရှိသည့်စပါးကို ကြိတ်ခွဲကာ ဦးစွာရရှိသည့် ဆန်/ ကောက်သစ်ကို နေ့လယ်စာအဖြစ် အတူတကွ ပျော်ရွှင်စွာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်သဖြင့် ၂၀၂၃ ခရီးသွားရာသီအဖွင့်ကောင်းမွန်ရန် မျှော်မှန်းထား

**ရန်ကုန် နိုဝင်ဘာ ၂၆**

၂၀၂၂ ခုနှစ်အတွင်း ရက်ကြီးအခါကြီးတို့တွင် ပြည်တွင်းခရီးသွားများ ပြန်လည်စည်ကားမှုဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့ပြီး ပြည်ပခရီးသွားလုပ်ငန်းအချို့လည်း ပြန်လည်အစပျိုးနိုင်ခဲ့ရာ ခရီးသွားလုပ်ငန်း များအနေဖြင့် ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီ အဖွင့်သည် ကောင်းမွန်နေမည်ဟု မျှော်မှန်း ထားကြောင်း သိရသည်။

အရှိန်ရစပြုနေသော ခရီးသွားလုပ်ငန်းကို နှစ်ကူးကာလမှစ၍ အရှိန်မြှင့်တင်ဆောင်ရွက် နိုင်ရန် သက်ဆိုင်ရာခရီးသွား ဝင်ရောက်ရာ ဒေသတို့ရှိ ခရီးသွားကုမ္ပဏီများအနေဖြင့် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ပြီး နှစ်သစ်ကူး ကာလမှစ၍ သင်္ကြန်ကာလအထိ ပြည်တွင်း/ ပြည်ပခရီးသွားများ ဝင်ရောက်တတ်မှုကြောင့် မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့ရန် မြန်မာခရီးသွားလုပ်ငန်းရှင်များက မျှော်မှန်း ထားလျက် ရှိသည်။ ပွင့်လင်းရာသီအစ နိုဝင်ဘာလတွင် နိုင်ငံခြားခရီးသွားအချို့ ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အထင်ကရနေရာ များဖြစ်သော ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ပြင်ဦးလွင်၊ မြိတ်ကျွန်းစုများနှင့် ပင်လယ်ကမ်းခြေအပန်း ဖြေစခန်းများသို့ ခရီးသွားများလည်ပတ်လျက် ရှိကာ ယခင်ကကဲ့သို့ ရက်ရှည်ခရီးသွားလာမှု ထက် ရက်တိုခရီးသွားမှု ပိုမိုတွင်ကျယ် လာလျက်ရှိသည်။

၂၀၂၃ ခုနှစ်၏ နှစ်ဦးခရီးသွားရာသီအဖွင့် ကောင်းမွန်နိုင်မှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးနောင်နောင်ဟန်က "၂၀၂၂ ခုနှစ်မှာ ပြည်တွင်း/ပြည်ပခရီးသွား အစလေးတွေ ကောင်းခဲ့တယ်။ ပြည်တွင်းခရီးသွားဆိုရင် ဒီနှစ်မှာ သိန်းနဲ့ချီပြီး ခရီးသွားပြန်လည်စတင် ခဲ့တယ်ဆိုတော့ ခရီးသွားကဏ္ဍအဖွင့်ကောင်းခဲ့ တယ်လို့ ပြောလို့ရပါတယ်။ခရီးသွားကဏ္ဍကို အရှိန်အဟုန်မြှင့်ပြီး တိုးတက်သွားဖို့ဆိုရင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်ခြင်းအား ဖြင့် ၂၀၂၃ ခုနှစ် ခရီးသွားရာသီဟာ ပိုပြီး ကောင်းမွန်လာမယ်လို့ မှန်းလို့ရတယ်။ နှစ်သစ်ကူးကာလ ကစပြီး ခရီးသွားလုပ်ငန်းကို အရှိန်အဟုန် မြှင့်တင်ရမှာဖြစ်တဲ့အတွက် ဒီအချိန်မှာ ခရီးသွားပရိုမိုးရှင်းကိစ္စတွေကို အလေးထားပြီး ဆောင်ရွက်ဖို့ လိုပါတယ်။ ပြည်ပခရီးသွား ပြန်လည်ဝင်ရောက်ဖို့ရှိတဲ့ အတွက် ဒီနှစ်မှာ ခရီးသွားလုပ်ငန်းကို အောင်အောင်မြင်မြင်နဲ့ စီစဉ်ထားနိုင်မယ် ဆိုရင် ၂၀၂၃ ခုနှစ် ခရီးသွားရာသီ အဖွင့်ကောင်း လိမ့်မယ်လို့ မျှော်မှန်းထားကြတယ်" ဟု ပြော သည်။



ပင်းတယမြို့နယ်အတွင်း လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားခရီးသွားများ။

မြန်မာ့ခရီးသွားကဏ္ဍနည်းတူ ဥရောပ နှင့် အာရှနိုင်ငံများလည်း နှစ်သစ်ကူးချိန်နှင့် နှစ်ဆန်းပိုင်းခရီးသွားရာသီကို မျှော်မှန်း၍ အပြိုင်အဆိုင် ခရီးသွားလုပ်ငန်းများဖြင့် ဆွဲဆောင်လျက်ရှိပြီး ပုံမှန်အားဖြင့် အနောက် တိုင်း ခရီးသွားဝန်ဆောင်မှုဈေးကွက်သည် ဒီဇင်ဘာ ခရစ္စမတ်ကာလတွင် ကျဆင်းတတ်မှု ကြောင့် ပြည်တွင်းခရီးသွားကဏ္ဍ များပြား လေ့ရှိကာ ပြည်တွင်းလေကြောင်းလိုင်း ဝန်ဆောင်မှုဈေးနှုန်းများ မြင့်တက်လေ့ရှိပြီး နှစ်သစ်ကူးပြီးဆုံးချိန်တွင် ပြည်ပခရီးသွားလာ မှု ပြန်လည်စည်ကားလေ့ရှိသည်။ ကမ္ဘာ့နိုင်ငံ များအနေဖြင့် နှစ်ဆန်းပိုင်းမှစ၍ ပြည်ပခရီးသွား များ တစ်ဖွဲ့ဖွဲ့ပြန်လည်ဝင်ရောက်နိုင်ရန် ခရီးသွား ဝန်ဆောင်မှုတွင် အပြိုင်အဆိုင်ဆွဲဆောင်ကြ ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဒီဇင်ဘာလတွင် ပြည်တွင်း/ ပြည်ပ ခရီးသွားများစည်ကားလေ့ရှိပြီး ဘုရားဖူး ခရီးစဉ်၊ အလည် အပတ်ခရီးစဉ်နှင့် အပန်းဖြေ ခရီးစဉ်တို့ဖြင့် ဆောင်းရာသီတွင် ခရီးသွား များလေ့ရှိရာ တစ်ဆက်တည်းအဖြစ် ဧပြီလ သင်္ကြန် ကာလအထိ လည်ပတ်ကြလေ့ရှိသည်။ ပြည်ပခရီးသွားဝင်ရောက်မှုအနေဖြင့် ဇန်နဝါရီ လ ဒုတိယပတ်မှစ၍ တစ်ဖွဲ့ဖွဲ့ပြန်လည် ဝင်ရောက်ပြီး သင်္ကြန်ကာလအထိ နိုင်ငံခြား ခရီးသွားများဖြင့် စည်ကားလေ့ရှိသည်။ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်း၌ အောက်တိုဘာလနှင့် နိုဝင်ဘာလသည် ရုံးပိတ်ရက်ရှည်တို့ဖြင့် ခရီးသွားလာမှု အများဆုံးလများအဖြစ် ပြည်တွင်းခရီးသွားကဏ္ဍ တိုးတက်ခဲ့ပြီး ယခုနှစ်ကုန်ပိုင်းအထိ အရှိန်ရလာသော ပြည်တွင်း/ပြည်ပ ခရီးသွားမှုသည် ခရီးသွား လုပ်ငန်းပြန်လည်စတင်နိုင်ခဲ့မှု၏ အကျိုးဆက် အဖြစ် ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီ အဖွင့် ကောင်းမွန်မည်ဟု မျှော်မှန်းထားကြခြင်းဖြစ် သည်။ **ဓာတ်ပုံ – ကနူး၊ ညိမ်းသူ (သတင်းစဉ်)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၆**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A–1 ဧရိယာတွင် SHWE Phase 3 Development Project အရ Pre Construction Survey လုပ်ငန်း များကို MV. HAILEY SARAH ဖြင့် Pre Construction Survey ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များ ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၁.၆၃၄၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၅.၂၃၆၈၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၈၅၅၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၇.၁၆၅၇၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၇၀၅၃၉ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၇.၀၉၇၄၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၁၉.၂၁၀၄၄ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၆.၄၂၅၁၃ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A–1 ဧရိယာတွင် SHWE Phase 3 Development Project အရ Pre Construction Survey လုပ်ငန်းများကို MV. HAILEY SARAH ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်း သတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထား ခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ် ကြရန် အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

**သစ်ပင်နည်းလာ တို့ကမ္ဘာ**
**လွန်စွာပူအေး ဥတုဘေး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၁၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

၀၆:၀၀ "တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ပရိတ်တရားတော်" (မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ "ဒီမိုကရေစီဆိုသည်မှာ"
၀၉:၁၀ သတင်းသမားပြောတဲ့သတင်းစကား
၀၉:၄၀ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆို ပြိုင်ပွဲ 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၃) (Result Show)
၁၂:၃၀ 2022 World Cup Highlight (7)
၁၂:၃၅ This Week Special Interest
၁၃:၀၀ အသိပညာနှင့်အမှန်တရား
၁၃:၁၅ Weekly Local News Highlights
၁၃:၃၀ MRTV National News
၁၄:၄၅ "ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်"
၁၅:၁၀ "သုတဝေဖြာ......သိရိဂေဟာ"
၁၆:၃၀ "၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ပျော်ပြေပွဲထုတ်လွှင့်မှုအစီအစဉ်"
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ "၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ပျော်ပြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ 2022 World Cup Highlight (7)
၂၁:၁၅ "၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ပျော်ပြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"

**mitv**

07:02 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
07:08 Myanmar Paper Toys
07:16 Listening Pleasure, Instrumental Music (Horn Violin) Sayama
07:26 Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
07:38 Htan Taw Drums (Part-II) Dobat
07:54 ASEAN Information Exchange Initiative: Food Security
08:01 News
08:28 The Art of Taxidermy: U Myo Naing
08:39 A Trip to Gyobyu Reservoir (Part-2)
09:01 Aesthetic Chinlone
09:26 Today Myanmar: Modern Farming and Profitable Market of Ziwasoe Bird Nests
09:36 Healthy Diet: Detox Water
09:45 Chef Life: Syi Syi Lwin
10:01 News

**MRTV NRC**

အရှေ့ပိုင်းကရင် (၀၆:၀၀ မှ ၀၇:၀၀)
နည်းမှန်စိုက်ပျိုးဝင်ငွေတိုး သခွားစိုက်ပျိုးနည်း
ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)
သီးနှံသစ်အတွက်ဆုတောင်းခြင်း
မွန် (၀၉:၀၀ မှ ၁၁:၀၀)
ဆေးဖက်ဝင်ဗေဒါပင်
ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)
ရွှေတံခါးမြို့သို့အလည်တစ်ခေါက်
ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)
ရှမ်းရိုးရာပိန်းပွင့်ချက်
ဝ (၁၅:၀၀ မှ ၁၇:၀၀)
ကွမ်းရွက်စိုက်ပျိုးနည်း
ကချင် (၁၇:၀၀ မှ ၁၉:၀၀)
ချောကလက်အိတ်မက်
ကယား (၁၉:၀၀ မှ ၂၁:၀၀)
ကယားရိုးရာဝက်သားနဲ့ဖက်ခါးရွက်ဝါးမီးတင်
ပအိုဝ်း (၂၁:၀၀ မှ ၂၂:၀၀)
စာပေစကားပြောကြရအောင်(အပိုင်း-၂)
အနောက်ပိုင်းကရင် (၂၂:၀၀ မှ ၂၃:၀၀)
ကရင်ရိုးရာစောင်းတူရိယာ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၁၅ "Weekly Selected News"
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၁၅ ကာတာကမ္ဘာ့ဖလား (Hightlights)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၄:၂၀ News Desk
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၅:၄၅ ကာတာကမ္ဘာ့ဖလား (ပွဲကြိုသုံးသပ်ချက်)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "မမှန်သတင်းပေးခြင်း"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း -၃)
၁၁:၃၀ "အတွေးအမြင်"(အပိုင်း-၈)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
၀၆:၂၅ တို့ဓလေ့...တို့သဘာဝ
၀၇:၁၅ မုံရွာဒေသဆောင်းသီးနှံအလှ
၀၇:၄၅ "ငွေးမြူရေးရာအဖြာဖြာ"
၀၈:၂၀ ငှက်တောင်ပံဖြန့်ကာယုံမယ့်ရှူး (ဇာတ်လမ်းတို)
၀၈:၃၅ အရည်အသွေးကောင်းသစ်များထုတ်လုပ်ရေး အပင်ရောဂါကာကွယ်ပေး
၀၉:၃၅ ဘဝနောင်ရေးစိတ်အေးဖို့ သီအုန်းစိုက်ပျိုးကြပါစို့
၀၉:၅၀ ကောင်းကျိုးဝေဖြာ ပေါင်းစည်းလယ်ယာ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၁၅:၂၀ 2022 World Cup Highlight / ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
Education Channel ကို နေ့စဉ် နံနက် (၈:၀၀)နာရီမှ တစ်ကြိမ်လျှင် (၈)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# ရန်ကုန်နှင့် မန္တလေးမြို့၌ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာတိုက်ဖျက်ရေး အခမဲ့သင်တန်းများပို့ချပေးမည်

ရန်ကုန် နိုဝင်ဘာ ၂၆

နိုင်ငံအတွင်းရှိ ပြည်သူများသိရှိနားလည်လာစေရန်နှင့် အိမ်ခြံမြေအလုပ် လုပ်ကိုင်နေကြသည့် အကျိုးဆောင်များအတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များအပါအဝင်နိုင်ငံတော်၏ အကျိုးကိစ္စရပ်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ တိုက်ဖျက်ရေး သင်တန်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အခမဲ့ဖွင့်လှစ် ပို့ချပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

ရန်ကုန်တိုင်း ဒေသကြီး အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အဆိုပါ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ တိုက်ဖျက်ရေးသင်တန်းကို ရန်ကုန်မြို့ Sky Star ၌ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ မန္တလေးမြို့ရှိ Great Wall ဟိုတယ်၌ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း အခမဲ့ဖွင့်လှစ် ပို့ချပေးသွားမည်ဖြစ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား အကျိုးဆောင်များအတွက် ပို့ချပေးမည်ဖြစ်သဖြင့် အသင်းဝင် အိမ်ခြံမြေ အကျိုးဆောင်များ အပါအဝင် အသင်းဝင်မဟုတ်သော အိမ်ခြံမြေအကျိုးဆောင်များ အနေဖြင့် စိတ်ဝင်စားသူမည်သူမဆို သင်တန်း တက်ရောက်နိုင်ကြောင်း သိရသည်။

ယခုအခါ အိမ်ခြံမြေအလုပ်လုပ်ကိုင်နေကြသည့် အကျိုးဆောင်များအတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အိမ်ခြံမြေအကျိုးဆောင် မှတ်ပုံတင်များကို ထုတ်ပေးမည်ဖြစ်ရာ အဆိုပါသင်တန်း တက်ရောက်ကြသော အသင်းမဝင်ရသေးသည့် အိမ်ခြံမြေ အကျိုးဆောင်များ အနေဖြင့် သင်တန်း၌ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေနှင့် စပ်လျဉ်းသော သင်တန်းဆင်းလက်မှတ်ရယူရန်အတွက် ငွေကျပ် ၁၅၀၀၀ ပေးသွင်းပြီး သင်တန်းဆင်းလက်မှတ် ရယူနိုင်ကြောင်း သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့၌ သင်တန်းဆင်းလက်မှတ် ပြသ၍ အိမ်ခြံမြေအကျိုးဆောင် မှတ်ပုံတင်ကို လွယ်ကူစွာလျှောက်ထားနိုင်ကြမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ သိရသည်။

မင်းခ

# မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၁၁ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၀၆၉၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၀၆၅၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၅၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၅၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၉၀ ကျပ် | ၂၄၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၀ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၅ ကျပ် | ၂၁၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၈၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၂၉ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၈ . ၇၀၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၀၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၉ . ၂၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၃ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၇၄၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ |
|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၁၈၄၀ |
| MTSH | ၃၃၅၀ | ၃၄၀၀ | ၇၄၁ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၆၇ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၆၅ |
| TMH | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၀၀ |
| AHP | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိဖို့ မျိုးကောင်းကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးကြပါစို့

**ကော်ဖီကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကော်ဖီချစ်သူများက စွဲစွဲမက်မက် သောက်သုံးလျက် ရှိနေကြသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ကော်ဖီကိုချစ်မြတ်နိုးသည့် နိုင်ငံများ စာရင်းတွင် အပါအဝင်ဖြစ်သည်။**

**မော်ကျွန်း - မြင့်အောင်**

ကော်ဖီဖျော်ရာမှ ထွက်ပေါ်လာသော မွှေးကြိုင်သင်းပျံ့သည့် ကော်ဖီရနံ့နှင့် အတူ ကော်ဖီ၏ထူးကဲသော အရသာတို့ကြောင့် ကော်ဖီချစ်သူတို့ နှစ်သက်စွဲလမ်းနေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ကော်ဖီစိုက်ပျိုးရန် ရေခံမြေခံကောင်းသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မျိုးကောင်း နိုင်ငံတကာအဆင့်မီ အနံ့အရသာနှင့် ပြည့်စုံသော မြန်မာ့ကော်ဖီများကို မြန်မာ့ရေမြေမှ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။



ကော်ဖီပင်တွင် ကော်ဖီသီး အစိမ်းသီး သီးနေစဉ် တွေ့ရပုံ။



ကော်ဖီသီး အမှည့်သီးများ သီးနေစဉ် တွေ့ရပုံ။



ရောင်းတန်းဝင် ကော်ဖီသီးများကို ခြင်းတောင်းများဖြင့် ထည့်သွင်းထားစဉ်။

ယင်းမြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သော မြန်မာ့မျိုးကောင်းကော်ဖီများကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့ရောင်းချရာတွင် ကော်ဖီကြိုက်နှစ်သက်သော နိုင်ငံများက မြန်မာ့ကော်ဖီကို နှစ်သက် လက်ခံဝယ်ယူလျက် ရှိနေကြသည်။ နိုင်ငံအသီးသီးသို့ တင်ပို့ရောင်းချသော မြန်မာ့ကော်ဖီများကို မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်/ တိုင်းဒေသကြီးများတွင် ကော်ဖီကို နှစ်မျိုးနှစ်စား စိုက်ပျိုးလျက်ရှိကြသည်။ ယင်းတို့မှာ ပေ ၃၀၀၀ မှ ပေ ၆၀၀၀ အတွင်း အောင်မြင်ဖြစ်ထွန်းသော တောင်ပေါ်ကော်ဖီ (ခေါ်) အာရေဗီးကားကော်ဖီနှင့် မြေပြန့်ဒေသတွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သော မြေပြန့်ကော်ဖီ ရိုဘက်စတာကော်ဖီတို့ ဖြစ်ကြသည်။

## ပေါ့ပေါ့တန်တန် သီးနှံမျိုးမဟုတ်

ကော်ဖီသီးနှံမှာ ပေါ့ပေါ့တန်တန် သီးနှံမျိုးမဟုတ်။ ကမ္ဘာ့ကုန်သွယ်မှု စာရင်းဝင် စိုက်ပျိုးသီးနှံလည်း ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်မှုတွင် နံပါတ် (၁) ရေနံက ပြေးနေသော ရေနံပြီးလျှင် နံပါတ် (၂) ဒုတိယကုန်သွယ်မှုအများဆုံး ပို့ကုန်တစ်ခုမှာ ကော်ဖီသီးနှံပင်ဖြစ်သည်။ ကော်ဖီသီးနှံသည် ကမ္ဘာ့ကုန်သွယ်မှုတွင် ဤမျှအထိ အရေးပါ အရာရောက်လျက် ရှိနေသည်။

## နိုင်ငံခြားဝင်ငွေရရှိ

ထို့ကြောင့်လည်း ကော်ဖီသည် စိုက်ပျိုးထုတ်လုပ်သော တောင်သူများအတွက် အာမခံချက်ရှိသော သီးနှံဖြစ်သည်။ ကော်ဖီသည် ဈေးကွက်ဝင်သီးနှံလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကော်ဖီမှ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေးကို ရည်မှန်းချက်ထားပြီး မြန်မာတစ်နိုင်ငံလုံးတွင် ရေမြေရာသီဥတုနှင့် ကိုက်ညီသော အရပ်ဒေသအသီးသီးတွင် ဇုန်နယ်မြေများ ခွဲခြားသတ်မှတ်ပြီး စိုက်ပျိုးလျက် ရှိနေကြသည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးခြင်း၏ အဓိကရည်မှန်းချက်မှာ ငါးနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး ကော်ဖီသီးနှံ စိုက်ဧကသုံးသိန်းကို အောင်မြင်စွာစိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက် ရှိနေကြသည်။ နိုင်ငံတော်ကလည်း ကော်ဖီစိုက်ပျိုးရေးကို အဘက်ဘက်မှ အားပေးကူညီလျက် ရှိနေကြသည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက သုံးသိန်း စိုက်ပျိုးထုတ်လုပ် အောင်မြင်မည်ဆိုပါက ကော်ဖီမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၃၂ သန်း အနည်းဆုံး နိုင်ငံခြားဝင်ငွေ ရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ ကော်ဖီစိုက်ပျိုးသော တောင်သူများအနေဖြင့် နှစ်စဉ်စိုက်ဧက တိုးတက်ရရှိရေးနှင့် စိုက်ပျိုးသော ကော်ဖီသီးနှံတွင် ပိုးမွှားကြောင့် ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးနှင့် အဓိကမှာ စိုက်ပျိုးသမျှ ကော်ဖီသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးပင် ဖြစ်သည်။ ယခုအခါ ကော်ဖီကို ကော်ဖီယဉ်ကျေးမှု တစ်ရပ်အနေဖြင့်သောက်သုံးလျက်ရှိနေကြသည်။ ကမ္ဘာတွင် ကော်ဖီအများဆုံး သောက်သုံးသော နိုင်ငံများအနေဖြင့် ကော်ဖီကို စွဲစွဲလမ်းလမ်းသောက်သုံးလျက် ရှိနေကြသည်။ အများဆုံးသောက်သုံးသော နိုင်ငံများစာရင်းကို လေ့လာကြည့်မည်ဆိုပါက ဥရောပနိုင်ငံများက ပထမအများဆုံး သောက်သုံးကြသည်။ ဒုတိယကော်ဖီ အများဆုံး သောက်သုံးသောနိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်သည်။ တတိယ ကော်ဖီအများဆုံးနိုင်ငံမှာမူ ဂျပန်နိုင်ငံဖြစ်သည်။

> ❖ **နိုင်ငံတော်ကလည်း ကော်ဖီစိုက်ပျိုးရေးကို အဘက်ဘက်မှ အားပေးကူညီလျက် ရှိနေကြသည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက သုံးသိန်း စိုက်ပျိုးထုတ်လုပ် အောင်မြင်မည်ဆိုပါက ကော်ဖီမှ နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၃၂ သန်း အနည်းဆုံးနိုင်ငံခြားဝင်ငွေ ရရှိမည်ဖြစ်**
>
> ❖ **မြန်မာနိုင်ငံက နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ နိုင်ငံတကာ အဆင့်မီအနံ့အရသာနှင့် ပြည့်စုံသော မြန်မာ့ကော်ဖီများ တင်ပို့ရောင်းချလျက်ရှိနေပြီ ဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများ တွေ့မြင်နေရ**

## နိုင်ငံတကာအဆင့်မီ

သို့ဖြစ်ရာ ကမ္ဘာ့ကော်ဖီဈေးကွက်သို့ မြန်မာနိုင်ငံက တင်ပို့ရောင်းချရသော နိုင်ငံများစာရင်းတွင် ကမ္ဘာတွင် ကော်ဖီအများဆုံးသောက်သုံးသော နိုင်ငံများ ပါဝင်နေကြသည်။ ယင်းနိုင်ငံများမှာ ယူကေ၊ အမေရိကန်၊ နယ်သာလန်၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဂျာမနီ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ တရုတ်တိုင်ပေနှင့် ထိုင်းနိုင်ငံတို့ ပါဝင်နေကြသည်။ မြန်မာနိုင်ငံက နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ နိုင်ငံတကာ အဆင့်မီအနံ့အရသာနှင့် ပြည့်စုံသော မြန်မာ့ကော်ဖီများ တင်ပို့ရောင်းချလျက်ရှိနေပြီဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများ တွေ့မြင်နေရသည်။

မြန်မာ့ကော်ဖီများကို ကမ္ဘာ့ကော်ဖီဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ကော်ဖီ၏ အရည်အသွေးအဆင့်အတန်း စံနှုန်းများနှင့် အမှတ်ပေးစနစ်များ သတ်မှတ်ထားကြသည်။ မြန်မာ့ကော်ဖီမှာ ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်းလှသည်။ ကမ္ဘာ့နိုင်ငံများက လိုလားနှစ်သက်အားပေးဝယ်ယူလျက် ရှိနေကြသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးသော တောင်ပေါ်ကော်ဖီ အာရေဗီးကားကော်ဖီသည် သောက်သုံးမှု စံနှုန်းသတ်မှတ်ချက် အမှတ်ပေးစနစ်အရ ၈၉ မှတ် ရရှိသည်။ မြေနိမ့်ကော်ဖီ ရိုဘက်စတာ ကော်ဖီက ၈၂ မှတ် ရရှိကြသည်။ မြန်မာနိုင်ငံက တင်ပို့သော ကော်ဖီများကို နိုင်ငံတကာအဆင့်မီကော်ဖီများအဖြစ် လက်ခံသတ်မှတ်ထားကြသည်။ အသိအမှတ်ပြုကြသည်။ မြန်မာ့ကော်ဖီမှာ အဆင့်အတန်းမြင့်မားသည်။ မြန်မာ့ကော်ဖီဈေးကွက်မှသည် ကမ္ဘာ့ကော်ဖီဈေးကွက်ဆီသို့ တက်လှမ်းနေရာရလာပြီ ဖြစ်သည်။

ဤသို့ဆိုလျှင် မြန်မာ့ကော်ဖီစိုက်ပျိုးသော တောင်သူများ အားတက်စရာပင် ဖြစ်သည်။ ကော်ဖီကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ဖို့ပဲ လိုသည်။ ဈေးကွက်အတွက် ပူနေစရာမလို။ ဝယ်ယူမည့် ကော်ဖီဈေးကွက် ခိုင်ခိုင်မာမာ ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်း ရေမြေ၊ ရာသီဥတု၊ အပူချိန်၊ မြေအမျိုးအစားနှင့်ကိုက်ညီသော မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသမဆို တောင်သူတိုင်း ကော်ဖီစိုက်ပျိုးသင့်သည်။ ကော်ဖီစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ကော်ဖီက ငွေအရင်းအနှီးကြီးသည်ဟု ပြောကြသည်။ မှန်ပါသည်။ ကော်ဖီသည် ပထမဆုံးစတင်စိုက်ပျိုးသောနှစ်တွင် ငွေအရင်းအနှီးကြီးပါသည်။ ပထမဦးဆုံးနှစ်တွင် တစ်ဧကလျှင် ကုန်ကျစရိတ်ကျပ်သိန်း ၂၀ ကုန်ကျမည်ဖြစ်သည်။

## ဝင်ငွေတိုးလာမည်

သို့သော်လည်း စိုက်ပျိုးသူတောင်သူအား သက်တမ်း ၁၆ နှစ်အထိ အမြတ်ဝင်ငွေ ထိုက်ထိုက်တန်တန်ရအောင် ငွေရှာပေးသော သီးနှံမျိုးဖြစ်သည်။ ကော်ဖီသက်တမ်း လေးနှစ်သို့ ရောက်ရှိသောအခါ ကော်ဖီစတင်သီးမည် ဖြစ်သည်။ ပထမဆုံးစတင် ကော်ဖီသီးခူးရသော နှစ်၌ပင် ကော်ဖီမှဝင်ငွေ ရှစ်သိန်းရရှိမည် ဖြစ်သည်။ ကော်ဖီသက်တမ်း ခုနစ်နှစ်မှ ရှစ်နှစ်သို့ ရောက်ရှိသောအခါ ဝင်ငွေတိုးလာမည် ဖြစ်သည်။ တစ်နှစ်လျှင် ကော်ဖီမှ ကျပ် ၁၂ သိန်းစီ နှစ်စဉ်တိုးတက်ရရှိနေမည် ဖြစ်သည်။ ကော်ဖီသက်တမ်း ကိုးနှစ်မှ စတင်ပြီး တစ်ဧကလျှင် ကျပ်သိန်း ၂၀ စီ နှစ်စဉ် ပုံမှန်ဝင်ငွေရရှိနေမည် ဖြစ်သည်။ ကော်ဖီသက်တမ်း ၁၆ နှစ်အထိ ကော်ဖီစိုက်ပျိုးသူ တောင်သူများအတွက် အမြတ်ဝင်ငွေများများ ရရှိနေမည်သာဖြစ်သည်။

တောင်သူများအနေဖြင့် ကော်ဖီစိုက်ပျိုးရသည်မှာ ငွေအရင်းအနှီးကြီးသည်ဟုဆိုသော်လည်း ရရှိသောဝင်ငွေနှင့် နှိုင်းချိန်ကြည့်မည်ဆိုလျှင် ကော်ဖီသည် နှစ်ရှည်သီးနှံဖြစ်ပြီး တောင်သူအကျိုးပြု အကျိုးပေးသီးနှံအဖြစ် သတ်မှတ်နိုင်ကြသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ တောင်သူများသည် ကော်ဖီသီးနှံကို စိုက်ပျိုးကြတော့မည်ဆိုလျှင် ကော်ဖီစိုက်ပျိုးရခြင်း၏ အခြေခံသဘောတရားများနှင့် လုပ်ငန်းအဆင့်ဆင့်ကို ကြိုတင်သိရှိ လေ့လာထားကြရမည် ဖြစ်သည်။

ယင်းတို့မှာ ကော်ဖီအစေ့ အပင်ပေါက်ရန် အပူချိန်မှာ ၂၈ စင်တီဂရိတ်မှ ၃၀ စင်တီဂရိတ် အတွင်း အပင်ပေါက်နှုန်း အကောင်းဆုံးဖြစ်သည်။ စိုက်ပျိုးဖြစ်ထွန်းသော မိုးရေချိန်မှာ တစ်နှစ်လျှင် လက်မ ၆၀ မှ လက်မ ၉၀ အတွင်း ရွာသွန်းသောဒေသများတွင် ကော်ဖီသီးနှံအောင်မြင် ဖြစ်ထွန်းသည်။ မိုးရေချိန် ၆၀ လက်မထက်နည်းသော အရပ်ဒေသများတွင် ကော်ဖီစိုက်ပျိုးမည်ဆိုပါက ရေသွင်း၍ စိုက်ပျိုးနိုင်သည်။ ကော်ဖီပင်သည် ပူလွန်းသောနွေဒဏ်ကို မခံနိုင်။ အသင့်အတင့်အေးသော ဒဏ်ကိုသာ ခံနိုင်သည်။ ကော်ဖီကြိုက်နှစ်သက်သော မြေအမျိုးအစားမှာ အစေ့ကို စိုက်ပျိုးလျှင် မြေသားထု နက်ရှိုင်းရန်လိုပြီး မြေသားထုပါးလွှာပါက မိုးအနည်းငယ်များသော ဒေသများ၌ ကိုင်းဖြတ်၍ စိုက်ပျိုးလျှင် အောင်မြင်ဖြစ်ထွန်းနိုင်မည် ဖြစ်သည်။ ကော်ဖီစိုက်လျှင် မြေစေးကို လုံးဝရှောင်ကြဉ်ရမည်။ လုံးဝ မစိုက်သင့်ပါ။ ကော်ဖီသည် မြေချဉ်ကိုသာ ကြိုက်နှစ်သက်သည်။

သို့ဖြစ်ရာ ကော်ဖီပျိုးထောင်ခြင်း အပိုင်းတွင် ကော်ဖီပင်ကို စိုက်ပျိုးရန် ပျိုးအရင် ထောင်ရသည်။ အစေ့ကို ပျိုး၍လည်းကောင်း၊ အကိုင်းဖြတ် စိုက်ပျိုး၍လည်းကောင်း၊ မြေထုပ်စီး၍ လည်းကောင်း၊ အဖူးဆက်၍ လည်းကောင်း၊ ပျိုးထောင်နိုင်ကြသည်။ ကော်ဖီပင်များ စိုက်ခင်းသို့ ရွှေ့၍ မစိုက်ပျိုးမီ စိုက်ခင်းတွင် အရိပ်ရအပင်များအဖြစ် အပင်ကြီးများ ရှိသင့်သည်။ အထူးသဖြင့် ပဲမျိုးရင်းဝင် အပင်များဖြစ်သော ဘုန်းမဲဇာ၊ ကုက္ကို၊ ပိန္နဲ၊ ရေကသစ်၊ ဘောစကိုင်း အပင်များရှိလျှင် ပိုကောင်းသည်။

*စာမျက်နှာ ၂၁ သို့*

# စိန်ရတုလွတ်လပ်ရေးနေ့နှင့် စိန်ရတု ကချင်ပြည်နယ်နေ့ အခမ်းအနားများတွင် MSME လုပ်ငန်းများနှင့် ဒေသထုတ်ကုန်များ ဖော်ထုတ်ပြသနိုင်ရေးဆွေးနွေး

**မြစ်ကြီးနား နိုဝင်ဘာ ၂၆**

ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ထူးခြားလုပ်ငန်းများနှင့် ထုတ်ကုန်များကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုပွဲ အခမ်းအနားနှင့် (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားများတွင် ဖော်ထုတ်ပြသနိုင်ရေးအတွက် ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များနှင့် MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် က ယနေ့နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်နယ်အတွင်းရှိ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်များကို ပိုမိုထိရောက်အောင်မြင်ရေးနှင့် ဈေးကွက်ခိုင်မာလာစေရေးအတွက် ပြည်တွင်းပြုလုပ်သည့်အခမ်းအနားများ၊ ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲ အစီအစဉ်များတွင် ခင်းကျင်းပြသရောင်းချရန် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းနှင့် တက်ရောက်လာကြသည့် ပြည်နယ်အတွင်းရှိ MSME စီးပွားရေးလုပ်ငန်းရှင်များက ပြခန်းခင်းကျင်းပြသသွားမည့် အစီအစဉ်များအတွက် လိုအပ်ချက်၊ အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြသည်။



တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ထုတ်ဖော်ပြသသွားမည့် ဒေသထုတ်ကုန်များကို ခမ်းနားထည်ဝါစွာ ပြသနိုင်ရေးနှင့် လုပ်ငန်းများအတွက် လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ကျုံပျော်၌ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ကျုံပျော် နိုဝင်ဘာ ၂၆**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပဲတီစိမ်းစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဧရာမင်းခန်းမ၌ နိုဝင်ဘာ ၂၃ ရက်က ကျင်းပသည်။ **(အောက်ပုံ)**



ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းက လယ်ယာစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ပဲတီစိမ်းစိုက်ပျိုးသောတောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် လိုအပ်လျက်ရှိသော သွင်းအားစုများဖြစ်သည့် မြေဩဇာနှင့် ပိုးသတ်ဆေးရရှိရေး ထောက်ပံ့ဆောင်ရွက်ပေးခြင်း၊ သွင်းအားစုတန်ဖိုးနှင့်ညီမျှသော ပဲတီစိမ်းများကို တောင်သူများက ပြန်လည်ရောင်းချပေးဆပ်ခြင်း အပါအဝင် ပံ့ပိုးဆောင်ရွက်ပေးမည့်အခြေအနေများအား ရှင်းလင်းပြောကြားပြီး၊ တက်ရောက်လာသူများက စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြကာ တောင်သူများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့ဝင်များ ၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပဲတီစိမ်းစိုက်ပျိုးသောတောင်သူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက် လျာထားစိုက်ဧရိယာ ၄၉၉၇ ဧက ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လပြည့်ဦး(ပြန်/ဆက်)

# မြဝတီ၌ ပတ်ဝန်းကျင်အပေါ် မီးခိုး၊ မြူငွေ့များ၏ အကျိုးသက်ရောက်မှု အသိပညာပေးဆွေးနွေး

**မြဝတီ နိုဝင်ဘာ ၂၆**

ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၅ ရက်က ပတ်ဝန်းကျင်အပေါ် မီးခိုး၊ မြူငွေ့များ ညစ်ညမ်းမှုတို့ကြောင့် လူနှင့်သက်ရှိသတ္တဝါအားလုံး ထိခိုက်မှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို လူထုအခြေပြုဇဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဇာဖြူဝင်းက ပြည်သူလူထုအနေဖြင့် မြူခိုးငွေ့များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများအန္တရာယ်ကို ကြိုတင်ကာကွယ်တားဆီးနိုင်ကြစေရန်နှင့် အသိပညာရရှိစေရန်တို့အတွက် ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်ဇော်အောင်က မီးခိုး၊မြူငွေ့များ ဖြစ်ပေါ်ရခြင်းအကြောင်းအရင်းများ၊ မီးခိုး၊ မြူငွေ့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များနှင့် မိမိပတ်ဝန်းကျင်တွင် မီးခိုး၊ မြူငွေ့များမဖြစ်ပေါ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်နည်းလမ်းတို့ကို အသေးစိတ်ဆွေးနွေးသည်။

ခရိုင်(ပြန်/ဆက်)

## သံဖြူဇရပ်ပြည်သူ့ဆေးရုံ၌ ခြေတုလက်တုအဟောင်းများကို အခမဲ့ပြုပြင် တပ်ဆင်ပေးလျက်ရှိ

**သံဖြူဇရပ် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဆောင်ရွက်သော ဘားအံခြေတု လက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ နယ်လှည့်အစီအစဉ်ဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ခြေတုလက်တု အသုံးပြုနေသူများအား အခမဲ့ပြုပြင်တပ်ဆင်ပေးခြင်းကို နိုဝင်ဘာ ၂၅ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထို့ပြင် ခြေတုလက်တု အကြီးစားပြင်ဆင်မှုများ၊ အသစ်လဲလှယ်ရန် လိုအပ်သူများကို ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါအစီအစဉ်များကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းအရှေ့ခြမ်းတို့တွင် အခမဲ့ပြုပြင်မှုများကိုနယ်လှည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း နယ်လှည့်တာဝန်ခံ ဦးထွန်းထွန်းအောင်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

*စာမျက်နှာ ၂၀ မှ*

ထို့နောက် ပျိုးခင်းမှ အပင်များကို တူးယူ၍ ကျင်းများတွင်ထည့်ပြီး စိုက်ပျိုးရသည်။ စိုက်ပျိုးပြီးခါစ အပင်များရှင်သန်အောင် အရိပ်ပြုလုပ်ရန်နှင့် အရွက်ဖြတ်တောက်ပေးရန် လိုအပ်သည်။ ရွှေ့ပြောင်းစိုက်ပျိုးပြီးနောက် ရေလောင်းပေးရသည်။ စိုက်ချိန်တွင် မိုးရာသီနှင့် တိုက်ဆိုင်အောင်လည်း ပြုလုပ်ကြရသည်။ ကော်ဖီစိုက်ခင်းတွင် လိုအပ်လျှင် ပေါင်းရှင်းပေးရသည်။ ပေါင်းရှင်းပေးပြီးနောက် မြေအဖုံးအတွက် ပစ္စည်းများအဖြစ် မြက်ခြောက်၊ ငှက်ပျောရွက်ခြောက်၊ ပေါင်းပင်ခြောက်၊ သစ်စိမ်း မြေဩဇာ၊ ပဲရိုးပဲမှော်အခြောက်စသည်တို့ အသင့်အတင့် ဖုံးကွယ်ပေးရန် လိုအပ်ပါသည်။

တောင်သူတို့ စိုက်ပျိုးသောကော်ဖီပင်သည် အရည်အသွေးကောင်း၊ ကော်ဖီစေ့အထွက်နှုန်းကောင်းအောင် ကိုင်းသင်ခြင်း ပြုလုပ်ပေးရသည်။ ကော်ဖီ သုံးနှစ်သား အပင် ငါးပေကျော်လျှင် ခေါင်နှိမ်ခြင်း ပြုလုပ်နိုင်သည်။ အပင် ငါးပေခွဲခြောက်ပေခန့် မြင့်သော်ခေါင်နှိမ်ပေးရသည်။ ထောင်မတ်သော ကိုင်းများတစ်ပေခွဲချန်၍ ငုတ်တိုများဖြစ်အောင် ဖြတ်ရသည်။ ထိုငုတ်တိုတို့မှ ဘေးကိုင်းထပ်ထွက်လာပြီး ကော်ဖီအသီးသီးသည်။ အပင်အသီးသီးပြီးနောက် သုံးပုံတစ်ပုံ အမြင့်လောက်သာ ချန်၍ အားလုံး ဖြတ်ပစ်ရသည်။ ဖြတ်သည့်နေရာနားမှ အစို့နှစ်ခုထွက်လာမည် ဖြစ်သည်။ အသီးပြည့်စုံစွာသီးသောအခါ ဒုတိယကိုင်းကိုလည်း လုံးဝ ဖယ်ရှားပစ်ရမည် ဖြစ်သည်။ ပင်စည်ပဒေသာကိုင်းသင်ခြင်း၊ ပင်စည်မက်များထား၍ ကိုင်းသင်ခြင်း၊ ပင်စည်များ စောင်းစောင်းထား၍ ကိုင်းသင်ခြင်း၊ ဟာဝေယံကိုင်းသင်ခြင်း၊ ထီးပုံသဏ္ဌာန်ကိုင်းသင်ခြင်း၊ ကိုင်းကွေးညွတ်ထား၍ ကိုင်းသင်ခြင်းနှင့် အုပ်စုလိုက်စိုက်ပျိုး၍ ကိုင်းသင်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်ကြသည်။

### ဖျက်ပိုးအန္တရာယ်

သို့ဖြစ်ရာ ကော်ဖီကိုင်းသင်ခြင်းလုပ်ငန်းအဆင့်ဆင့်ပြီးလျှင် ကော်ဖီသီးခူးဆွတ်ခြင်းနှင့် ကော်ဖီစေ့ထုတ်ယူခြင်းကိုလည်း ဆက်လက် ပြုလုပ်ကြရသည်။ သို့မှသာ အောင်မြင်မျိုးကောင်းသော ကော်ဖီစေ့များရရှိမည် ဖြစ်သည်။ ကော်ဖီတောင်သူတို့ စိုက်ပျိုးအောင်မြင်သမျှ ကော်ဖီစိုက်ခင်းများကို ကော်ဖီတွင် ကျရောက်တတ်သော ဖျက်ပိုးအန္တရာယ်များလည်း ရှိသည်။ ကော်ဖီတွင် ပင်စည်ထိုးပိုး၊ ကော်ဖီရွက်စားပိုး၊ မာလကာဒက်ပိုး၊ လက်ဖက်ဒက်ပိုးတို့၏ အန္တရာယ်လည်းရှိသည်။ ကော်ဖီပိုးကျလျှင် ကော်ဖီအထွက်နှုန်း ကျဆင်းနိုင်ဖွယ်ရှိကြသည်။ ကော်ဖီပင်တွင် ကျရောက်သော ပိုးများသာမက ကော်ဖီပင်တွင် ကျရောက်တတ်သော ရောဂါများလည်း ရှိသည်။ ယင်းတို့မှာ ကော်ဖီနန္ဒင်းရောဂါ (မှိုရောဂါ)၊ ကော်ဖီမြစ်ဖုရောဂါ ( နီမတုတ်ရောဂါ) များလည်း ကျရောက်တတ်ကြသည်။ သို့ဖြစ်ပေရာ နိုင်ငံတကာအဆင့်မီ အနံ့အရသာနှင့် ပြည့်စုံသောရောင်းတမ်းဝင် မြန်မာ့ကော်ဖီများ ရရှိစေဖို့အတွက် ကော်ဖီတောင်သူများသည် ကော်ဖီစိုက်ပျိုးချိန်မှ စ၍ ကော်ဖီသီးခူးဆွတ်ပြီး ကော်ဖီထုတ်ယူသည့်အချိန်အထိ လုပ်ငန်းအဆင့်ဆင့် ရှိကြသည်။ ထိုလုပ်ငန်းအဆင့်ဆင့်တိုင်းတွင် တောင်သူများ စိုက်ပျိုးထုတ်လုပ် အောင်မြင်မည်ဆိုပါလျှင် အဆင့်အတန်းမီ ကော်ဖီစေ့များ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ပြီး ကော်ဖီစိုက် တောင်သူတို့လည်း ဝင်ငွေတိုးပွားရရှိကြမည် ဖြစ်သည်။

အနှစ်ချုပ်တင်ပြရလျှင် မြန်မာ့ကော်ဖီသည် ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ရောင်းချနေသော ဈေးကွက်ဝင် မြန်မာ့ကော်ဖီဖြစ်သည်။ နိုင်ငံတကာအဆင့်မီ အနံ့အရသာနှင့် ပြည့်စုံသောကော်ဖီလည်း ဖြစ်သည်။ ငါးနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး ကော်ဖီစိုက်ပျိုးမှုကဏ္ဍ သုံးသိန်း ဖြစ်ထွန်းအောင်မြင်မည်ဆိုပါက စိုက်ပျိုးသူတောင်သူများလည်း ဝင်ငွေတိုးတက်ရရှိမည့်အပြင် နိုင်ငံတော်သည်လည်း ကော်ဖီစိုက်ပျိုးရာမှ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိနေမည် ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ သို့ဖြစ်ပေရာ "နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိဖို့ မျိုးကောင်း ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးကြပါစို့" ဟုသာ ရေးသားတင်ပြလိုက်ရပေသည်။ ။

ကိုးကား –
စိုက်ပျိုးရေး၏ နှစ်ရှည်ပင်စိုက်ပျိုးရေး ဝန်ဆောင်မှုလုပ်ငန်း။

## ပွဲကြိုသုံးသပ်ချက်

ကမ္ဘာ့ဖလားအုပ်စုပွဲစဉ် (၂) အုပ်စု (င) နဲ့ (စ) မှ ပွဲစဉ်လေးပွဲကို နိုဝင်ဘာ ၂၇ ရက်မှာ ယှဉ်ပြိုင်ကစားသွားမှာပါ။ စပိန်ကို မဖြစ်မနေအနိုင်ကစားရမယ့် ဂျာမနီနဲ့ နောက်တစ်ဆင့်တက်ရေးအတွက် ကော်စတာရီကာကို ကျော်ဖြတ်ရမယ့် ဂျပန်အသင်းတို့ ပါဝင်နေပါတယ်။

| ကမ္ဘာ့ဖလားပွဲစဉ် (၂) | |
|---|---|
| ၂၇-၁၁-၂၀၂၂ | တနင်္ဂနွေနေ့ |
| ဂျပန် - ကော်စတာရီကာ | ည ၄း၃၀ |
| ဘယ်လ်ဂျီယံ- မော်ရိုကို | ည ၇း၃၀ |
| ခရိုအေးရှား - ကနေဒါ | ည ၁၀း၃၀ |
| စပိန် - ဂျာမနီ | နံနက် ၁း၃၀ |

# နောက်တစ်ဆင့်တက်ရေး စပိန်ကို အနိုင်ကစားရမယ့် ဂျာမနီ

## လင်းလက်ကြယ်

### ဂျပန် VS ကော်စတာရီကာအသင်းအခြေအနေ

အိတာကုရာ(၂၅နှ



ဂျပန် (ခံစစ်)

၁၄ ပွဲကစား ၁ ဂိုးသွင်း

နာဗက်စ် (၃၅ နှစ်)



ကော်စတာရီ[illegible] (ဂိုးသမား)

၁၀၈ ပွဲကစား

အဖွင့်ပွဲစဉ်မှာ နာမည်ကြီး ဂျာမနီကို အနိုင်ရရှိထားတဲ့ ဂျပန်အသင်း အနေနဲ့ ယခုပွဲစဉ်မှာ အနိုင်ရရှိပါက နောက်တစ်ဆင့်တက်ရောက်ဖို့ နီးစပ်သွားမှာဖြစ်တာကြောင့် အားစိုက်ကစားလာမှာပါ။ ကော်စတာရီကာက စပိန်ကို ဂိုးပြတ်ရှုံးနိမ့်ထားတာကြောင့် ဂျပန်ကို မဖြစ်မနေ အနိုင်ရရှိဖို့ လိုအပ်နေပါတယ်။ ခြေစမ်းပွဲမှာတော့ ဒီနှစ်သင်း နှစ်ကြိမ်တွေ့ဆုံထားပြီး နှစ်ကြိမ်စလုံး ဂျပန်အသင်းက အနိုင်ရရှိထားတယ်။ ဒါကြောင့် ဒီတစ်ကြိမ်တွေ့ဆုံမှုမှာ ဂျပန်က ထပ်မံအနိုင်ရရှိသွားမလား သို့မဟုတ် ကော်စတာရီကာက နိုင်ပွဲရှာတွေ့သွားမလား စိတ်ဝင်စားစရာပါ။

### ဘယ်လ်ဂျီယံ VS မော်ရိုကိုအသင်းအခြေအနေ

ဒီဘရိုင်း (၃၁ နှစ်)



ဘယ်လ်ဂျီယံ (ကွင်းလ

၉၅ ပွဲကစား ၂၅ ဂိုးသွင်း

ဟာကီမီ (၂၄ နှစ်)



မော်ရိုကို (ခံစစ်)

၅၅ ပွဲကစား ၈ ဂိုးသွင်း

ကနေဒါကို အနိုင်ရရှိခဲ့တဲ့ ဘယ်လ်ဂျီယံရဲ့ ခြေစွမ်းက စုစုပေါင်း ဂိုးကန်သွင်းခွင့် ကိုးကြိမ်သာရှိတဲ့အတွက် အားရစရာ မကောင်းဘူး။ ဒါ့အပြင် ဟာဇက်ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရဆဲဖြစ်သလို ဒီဘရိုင်းရဲ့ ဂိုးဖန်တီးမှုကိုလည်း အသင်းတိုက်စစ်ကစားသမားတွေ ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်း မရှိဘူး။ မော်ရိုကိုရဲ့ ခြေစွမ်းမဆိုးဘူးဆိုပေမယ့် ယခုပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းရဲ့ ဖိအားပေးမှုအောက်မှာ ကစားဟန်ပုံစံ ပျက်ခဲ့ရင်တော့ ပေးဆပ်မှုကြီးမားသွားနိုင်တယ်။ မည်သို့ပင်ဆိုစေ မော်ရိုကိုအသင်းထက် ဘယ်လ်ဂျီယံ ရလဒ်ကောင်း ရရှိမယ်။

### ခရိုအေးရှား VS ကနေဒါအသင်းအခြေအနေ

လိုဗရန် (၃၃ နှစ်)



ခရိုအေးရှား (ခံစစ်)

၇၃ ပွဲကစား ၅ ဂိုးသွင်း

ဒေဗီးစ် (၂၂နှစ်)



ကနေဒါ (တောင်ပံ)

၃၃ ပွဲကစား ၁၂ ဂိုးသွင်း

ခရိုအေးရှားက ကစားပုံကောင်းမွန်ပေမယ့် အဆုံးသတ်ပိုင်း လိုအပ်နေတယ်။ အသင်းမှာ ပါရီဆစ်၊ မိုဒရစ်၊ ဘရိုဇိုဗစ်တို့က ပွဲရလဒ်အဖြေကို အချိန်မရွေး ပြောင်းလဲနိုင်စွမ်းရှိပေမယ့် ပွဲစဉ် (၁) ကထက် လုပ်အားနှုန်းကျဆင်းခဲ့ရင် ကနေဒါအသင်း အောင်ပွဲခံသွားနိုင်တယ်။ ကနေဒါအသင်းက နာမည်ကြီး ဘယ်လ်ဂျီယံအသင်းကို ဂိုးကန်သွင်းမှု ၂၂ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့ပြီး ဂိုးသွင်းမသေချာမှုကြောင့်သာ အရေးနိမ့်ခဲ့ရတာ ဖြစ်တယ်။ အုပ်စုရပ်တည်မှုအရ ခရိုအေးရှားရော ကနေဒါအသင်းပါ မဖြစ်မနေ နိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။

### စပိန် VS ဂျာမနီအသင်းအခြေအနေ

အေဆန်စီယို (၂၆



စပိန် (ကွင်းလယ်တိုက်စစ်)

၃၂ ပွဲကစား ၂ ဂိုးသွင်း

ဂန်ဒိုဂန် (၃၂ နှစ်)



ဂျာမနီ (ကွင်းလယ်)

၆၄ ပွဲကစား ၁၇ ဂိုးသွင်း

အသင်းကြီး နှစ်သင်း ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှု မြင့်ဆိုင်ပြီး ပြင်းထန်လာမှာ သေချာတယ်။ ဂျာမနီအသင်းက စပိန်ကို အနိုင်ရရှိမှသာ နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက် အားကောင်းလာမှာ ဖြစ်တာကြောင့် အမှားခံလို့မရတဲ့အနေအထားမှာ ရှိတယ်။ စပိန်အသင်းကလည်း ဂျာမနီအသင်းကိုနိုင်ရင် နောက်တစ်ဆင့်တက်ရေး ပိုမိုနီးစပ်သွားမှာ ဖြစ်တာကြောင့် ခြေကုန်ထုတ်လာမှာပါ။ မည်သို့ပင်ဆိုစေ ဂျပန်အသင်းနဲ့ပွဲစဉ်ကထက် ဂျာမနီအသင်းရဲ့ခြေစွမ်း တိုးတက်မလာဘူးဆိုရင် မမျှော်လင့်ထားတဲ့ရလဒ်ကို ပိုင်ဆိုင်သွားဖွယ်ရှိတယ်။

### ကမ္ဘာ့ဖလား အုပ်စု (က) ပွဲစဉ် (၂) အပြီး ရပ်တည်မှု

| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | နယ်သာလန် | ၂ | ၁ | ၁ | ၀ | ၄ |
| ၂။ | အီကွေဒေါ | ၂ | ၁ | ၁ | ၀ | ၄ |
| ၃။ | ဆီနီဂေါ | ၂ | ၁ | ၀ | ၁ | ၃ |
| ၄။ | ကာတာ | ၂ | ၀ | ၀ | ၂ | ၀ |

### ကမ္ဘာ့ဖလား အုပ်စု (ခ) ပွဲစဉ် (၂) အပြီး ရပ်တည်မှု

| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | အင်္ဂလန် | ၂ | ၁ | ၁ | ၀ | ၄ |
| ၂။ | အီရန် | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ | အမေရိကန် | ၂ | ၀ | ၂ | ၀ | ၂ |
| ၄။ | ဝေးလ် | ၂ | ၀ | ၁ | ၁ | ၁ |

# အမေရိကန်ကို သရေသာကစားနိုင်ခဲ့သည့် နာမည်ကြီး အင်္ဂလန်အသင်း

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ် (၂) မှ အင်္ဂလန်နှင့် အမေရိကန်အသင်းတို့ပွဲစဉ်ကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

ယခုပွဲစဉ်သရေကျမှုကြောင့် အင်္ဂလန်အသင်းက နှစ်ပွဲ ကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် လေးမှတ်ဖြင့် အုပ်စုကို ဦးဆောင်ထားနိုင်ပြီး အမေရိကန်အသင်းက နှစ်ပွဲကစား နှစ်ပွဲသရေ ရမှတ်နှစ်မှတ်ဖြင့် အုပ်စု တတိယနေရာတွင် ရပ်တည်နေသည်။

အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၃၀ ရက်တွင် အင်္ဂလန်အသင်းက ဝေးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမေရိကန်အသင်းက အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

# ဒဏ်ရာကြောင့် လာမည့်ပွဲစဉ်နှစ်ပွဲကို နေမာနှင့် ဒန်နီလိုတို့ လွဲချော်မည်ဟုဆို

ဘရာဇီးအသင်းမှ အားထားရသည့် တိုက်စစ်မှူး နေမာသည် ဆားဘီးယားအသင်းအား နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သော ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် အသင်းဆရာဝန်ဖြစ်သူက နေမာအနေဖြင့် လာမည့်ကမ္ဘာ့ဖလားပွဲစဉ်နှစ်ပွဲကို လွဲချော်တော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အသက် ၃၀ အရွယ် နေမာသည် အဆိုပါပွဲစဉ်တွင် ဆားဘီးယားကစားသမား နီကိုလာ မီလန်ကိုဗစ်၏ ဟန့်တားရှင်းထုတ်မှုမှ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး မိနစ် ၈၀ တွင် အန်တိုနီနှင့် လူစားလဲခဲ့ရသည်။ ထို့အပြင် ဘရာဇီးအသင်းမှ ညာခံစစ်ကစားသမား ဒန်နီလိုသည်လည်း ဒဏ်ရာကြောင့် လာမည့် ပွဲစဉ် နှစ်ပွဲကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

နေမာနှင့် ဒန်နီလိုတို့၏ ဒဏ်ရာကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက သံလိုက်ဓာတ်မှန်ရိုက်စစ်ဆေးရာ နှစ်ဦးစလုံး၏ ခြေကျင်းဝတ်တွင် ဒဏ်ရာရရှိမှုကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အသင်းဆရာဝန်ဖြစ်သူ ရိုဒရိဂို လက်စမာက ပြောသည်။

ဘရာဇီးအသင်းသည် လာမည့်ပွဲစဉ် (၂) အဖြစ် နိုဝင်ဘာ ၂၈ ရက်တွင် ဆွစ်ဇာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပွဲစဉ် (၃) အဖြစ် ဒီဇင်ဘာ ၃ ရက်တွင် ကင်မရွန်းအသင်းနှင့် ကစားရမည် ဖြစ်သည်။

● *ကျောဖုံးမှ*

ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ဩစတြေးလျအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် ရရှိခဲ့ပြီး ဒပ်ခ်က သွင်းယူပေးခဲ့သည်။ ဩစတြေးလျအသင်းက ယခုပွဲအနိုင်ရရှိမှုကြောင့် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် သုံးမှတ် ရရှိထားပြီး ပြိုင်ဘက်တူနီးရှားအသင်းက နိုင်ပွဲမရရှိသေးဘဲ နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ် တစ်မှတ်သာ ရရှိထားသည်။

အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၃၀ ရက်တွင် တူနီးရှားအသင်းက နာမည်ကြီး ပြင်သစ်အသင်းနှင့် ရင်ဆိုင်သွားရမည်ဖြစ်ပြီး ဩစတြေးလျအသင်းက ဒိန်းမတ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

အုပ်စု(ဂ) ဒုတိယပွဲစဉ်အဖြစ် ပိုလန်နှင့် ဆော်ဒီအသင်းတို့ ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကစားရာ ပိုလန်က နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရသည်။ အုပ်စုမှတက်နိုင်ရေးအတွက် နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားခဲ့ပြီး ပွဲချိန် ၄၅ မိနစ်တွင်ရရှိသည့် ပယ်နယ်တီကို ဆော်ဒီတို့ ဂိုးအဖြစ် မပြောင်းလဲနိုင်သဖြင့် နစ်နာခဲ့ရသည်။ ပိုလန်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၃၉ မိနစ်တွင် ဇီလင်စကီနှင့် ၈၂ မိနစ်တွင် လီဝမ်ဒေါစကီးတို့က သွင်းယူခဲ့သည်။ ပိုလန်က နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်နှင့် ဆော်ဒီက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ် ရထားသည်။

ည ၁၀ နာရီခွဲတွင် အုပ်စု(ဃ) ဒုတိယပွဲစဉ်ဖြစ်သည့် ပြင်သစ်နှင့် ဒိန်းမတ်ပွဲတွင် ပြင်သစ်က နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရသည်။

**အောင်ဇော်**

## ပဲတီစိမ်းဈေးကွက် ပိုမိုတွင်ကျယ်လာစေရန် တောင်သူများ မျှော်လင့်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပဲတီစိမ်းဈေးကွက် ယခုထက် ပိုမိုတွင်ကျယ်လာစေရန် မျှော်လင့်နေကြောင်း ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ပဲတီစိမ်း စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

**ဈေးကွက်ခိုင်မာရန် လိုအပ်**

"သယ်ယူပို့ဆောင်ရေး အခက်အခဲတွေရှိတာကြောင့် ကိုယ်တိုင်တင်ပို့ရောင်းချတာမျိုး မလုပ်နိုင်ကြတာများတယ်။ ပဲကုန်သည်/ပွဲစားတွေကတစ်ဆင့်ပဲ ရောင်းချနေကြရတယ်။ ပဲဈေးကလည်း သူတို့ဖြတ်ပေးတဲ့ဈေးနဲ့ပဲ ရောင်းရတယ်။ ဈေးကွက်ပိုင်း အခုထက် ပိုမိုတွင်ကျယ်ဖို့ဆိုရင် စာချုပ်စနစ်စိုက်ပျိုးရေးစနစ်မျိုးဖြစ်ဖြစ်၊ အသေအချာဈေးဖြတ်ဝယ်ယူပေးမယ့် ကုမ္ပဏီမျိုးဖြစ်ဖြစ် ရရှိဖို့ လိုနေပါတယ်။ အခုက ဈေးကွက်မှာ ခိုင်မာစွာဝယ်ယူတဲ့ ကုမ္ပဏီမရှိပါဘူး။ အများစုလယ်သမားတွေက သယ်ယူပို့ဆောင်ရေးနဲ့ နေရာအထားအသို အခက်အခဲတွေကြောင့် ကွင်းဆင်းပြီး လာဝယ်ကြတဲ့ အလေးချိန်ခိုး/ အမြတ်ကြီးစား ပွဲစားတွေကိုသာ ရောင်းချနေကြရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်မှ ပဲတီစိမ်းစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နေသူ ဦးငြိမ်းချမ်းက ပြောသည်။

**သုံးလအတွင်း ဈေးကွက်တင်နိုင်**

ပဲတီစိမ်းသီးနှံသည် စတင်စိုက်ပျိုးပြီးနောက် အချိန်ကာလ သုံးလအကြာ ရက်ပေါင်း ၉၀ ဝန်းကျင်အကြာတွင် ဈေးကွက်တင်ပို့ရန် ခူးဆွတ်နိုင်သည့် သီးနှံအမျိုးအစားတစ်ခုလည်း ဖြစ်သည်။

"စိုက်ပျိုးထုတ်လုပ်ဖို့အတွက် လိုအပ်တဲ့ မျိုးပဲတစ်တင်းကို မနှစ်က ကျပ်ငါးသောင်းခွဲ၊ ဒီနှစ်ဆိုရင် ကျပ်ခုနစ်သောင်းခွဲနဲ့ ပေးဝယ်ရပါတယ်။ ပျမ်းမျှ စိုက်ပျိုးစရိတ်အနေနဲ့ တွက်ချက်ကြည့်တော့ မျိုးစေ့၊ ထွန်ယက်ခ၊ လုပ်အားခ၊ အထွေထွေစရိတ် စုစုပေါင်းဆိုရင် တစ်ဧက စိုက်ပျိုးစရိတ်ကချည်း ကျပ်လေးသိန်းခွဲလောက် ကုန်ကျပါတယ်။ မနှစ်ကဈေးအနေနဲ့ကတော့ တစ်တင်းကို ကျပ်ငါးသောင်းကနေ ကျပ်ခြောက်သောင်းကြားသာ ရရှိခဲ့ကြပါတယ်" ဟု ဦးငြိမ်းချမ်းက ဆက်ပြောသည်။

အများအားဖြင့် ပဲတီစိမ်းသီးနှံကို နိုဝင်ဘာလ(တန်ဆောင်မုန်းလဆန်း)တွင် စတင်စိုက်ပျိုးလေ့ရှိပြီး ရာသီဥတုဖောက်ပြန်ခြင်းနှင့် စပါးအပြီး ပဲစိုက်ပျိုးချိန်တွင် စပါးရိတ်သိမ်းချိန် ပုံမှန်ထက်နောက်ကျခြင်းတို့ ကြုံတွေ့လျှင် စိုက်ပျိုးချိန်အနည်းငယ် နောက်ကျတတ်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## ပင်းတယမြို့နယ် ငရုတ်စိုက်ခင်းများမှထွက်သည့် ငရုတ်သီးခြောက်များ ဈေးကောင်းရလျက်ရှိ

**ပင်းတယ နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျားကုန်းကျေးရွာအုပ်စုနှင့် ကျုံးကျေးရွာအုပ်စုရှိကျေးရွာများ၌ ငရုတ်သီးခြောက်(ဒေသအခေါ် စပ်သီးခြောက်)လုပ်ငန်းဖြင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငရုတ်သီးခြောက်လုပ်ငန်းနှင့်ပတ်သက်၍ ငရုတ်စိုက်တောင်သူ ဦးမောင်ဝင်းက "အခုဆိုရင် ကျွန်တော်တို့ကျားကုန်းကျေးရွာမှာ အိမ်တိုင်းလိုလို ချင်းစိုက်ခင်းထဲမှာ သီးညှပ်အဖြစ် စိုက်ပျိုးထားတဲ့ ငရုတ်သီးတွေကို ခူးဆွတ်နေရပြီဖြစ်လို့ အဆင်ပြေနေကြပါတယ်"ဟု ပြောသည်။

ပင်းတယမြို့နယ်၌ ငရုတ်ပင်များကို ကဆုန်လမှ စတင်စိုက်ပျိုးပြီး တန်ဆောင်မုန်းနှင့် နတ်တော်လများတွင် ခူးဆွတ်ရကြောင်း၊ ငရုတ်သီးအစို လေးပိဿာတွင် အခြောက် တစ်ပိဿာ ရရှိကြောင်း၊ နေ့ခဖြင့် ခူးဆွတ်ပါက လူတစ်ဦးလျှင် တစ်နေ့လုပ်အားခ ကျပ် ၅၀၀၀ ပေးရပြီး ငရုတ်သီးအစိုကို ရောင်းချခြင်းမရှိဘဲ နေလှန်း၍အခြောက်ခံသည့်စနစ်ဖြင့် ပြုလုပ်ကာ အခြောက်တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ ရရှိကြောင်း၊ တစ်အိမ်ထောင်တွင် အနည်းဆုံး ငရုတ်သီးပိဿာချိန် ၅၀ မှ ၂၀၀ အထိ ရရှိကြောင်း၊ ငရုတ်သီးကို ဒေသငရုတ်သီးမျိုးသာ စိုက်ပျိုးကြပြီး ယခင်နှစ်က ငရုတ်သီးဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၃၅၀၀ သာရရှိကာ ယခုနှစ်တွင် ဈေးနှုန်းသိသိသာသာ တိုးလာသည့်အတွက် ငရုတ်စိုက်သည့် တောင်သူများ အပိုဝင်ငွေများရရှိနေကြောင်း သိရသည်။

**မိုးမိုးထွေး**



## တပ်ကုန်းမြို့၌ အာလူးစိုက်စက် အသုံးပြု၍ သုတေသနပြုစိုက်ပျိုး

**တပ်ကုန်း နိုဝင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၈)စက်မှုလယ်ယာစခန်းမှ အာလူးစိုက်စက်ကိရိယာနှင့် (Semi



Potato Planter)ဖြင့် အာလူးသီးနှံ သုတေသနစိုက်ပျိုးခြင်းကို နိုဝင်ဘာ ၂၃ ရက်က တပ်ကုန်းစိုက်ပျိုးရေး သုတေသနခြံ၌ ကျင်းပသည်။

အဆိုပါ စိုက်ပျိုးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးနိုင်ဦး၊ ဥတ္တရခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး သုတေသနခြံ တာဝန်ခံနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး အာလူးစိုက်ကွက် နှစ်ဧကအတွက် ဂါတောလက်မျိုး အာလူးပိဿာ ၁၂၀၀ ကို ပင်ကြား ရှစ်လက်မ၊ တန်းကြား ၃၀ လက်မရှိ အာလူးစိုက် စက်ကိရိယာဖြင့် စိုက်ပျိုးခဲ့သည်။

တပ်ကုန်းမြို့နယ်၌ မိုးအစိုဓာတ်နှင့် မြေအောက်ရေများ အသုံးပြု၍ အာလူး ၁၆၆၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင်**

## မြို့သစ်၌ ကြက်သွန်နီ တစ်ပိုင်တစ်နိုင် စိုက်ပျိုး

**မြို့သစ် နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ကြက်သွန်နီ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်မှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ ဈေးကောင်းရရှိကြောင်း သိရသည်။

မြို့သစ်မြို့နယ်၌ ကြက်သွန်နီကို ဒေသခံပြည်သူများ ရာသီမရွေး စားသုံးနိုင်ရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် စိုက်ပျိုးရေးဆောင်ရွက်သူများက တစ်ပိုင်တစ်နိုင် ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ကြက်သွန်နီစိုက်ပျိုးမှုနှင့် ပတ်သက်၍ ယခင်က ကြက်သွန်နီများကို မိုးကာလအတွင်း၌သာ စိုက်ပျိုးကြပြီး ယခုကြက်သွန်နီစိုက်ပျိုးမှုကို လွန်ခဲ့သော ဆယ်နှစ်ဝန်းကျင်ခန့်မှ တောင်သူအချင်းချင်း ချိတ်ဆက်နည်းပညာရယူလေ့လာ၍ မြေအောက်ရေအသုံးပြုကာ ရာသီမရွေးစတင်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင် နွေရာသီအတွက် ကြက်သွန်နီ ထုတ်လုပ်ရောင်းချနိုင်ရေး တစ်ပိုင်တစ်နိုင် စိုက်ပျိုးဆောင်ရွက်ထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ယခုနှစ်မှာ မျိုးဈေး၊ စက်သုံးဆီဈေး၊ မြေသြဇာဈေး မြင့်တက်မှုများရှိသည့်အတွက် ယခင်စိုက်ပျိုးမှုများထက် သွင်းအားစုစရိတ်ပိုကြောင်း၊ ယခင်ကြက်သွန်နီဈေး တစ်ပိဿာ ကျပ် ၁၀၀၀/၁၅၀၀ ဈေးအထိ ဈေးကျဆင်းခဲ့ပြီး ယခုအခါကြက်သွန်နီဈေးများ ပြန်လည်မြင့်တက်လာ၍ စိုက်ပျိုးတောင်သူများ အဆင်ပြေနိုင်ကြောင်း ကြက်သွန်နီစိုက်ပျိုးသူတစ်ဦးက ပြောသည်။

**သန်းဝင်းထွန်း(ပြန်ဆက်)**



## ဖြူးမြို့နယ်၌ စားသုံးဆီဖူလုံရေး ဆောင်းနေကြာသီးသန့်စံကွက် စတင်စိုက်ပျိုး

**ဖြူး နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ဆီထွက်သီးနှံဖြစ်သည့် နေကြာ စိုက်ပျိုးနိုင်ရန် ၈၁၀၃ ဧကကျော် လျာထားပြီး လျာထားချက်အတိုင်း စိုက်ပျိုးသွားနိုင်ရေးအတွက် ဆောင်းနေကြာသီးသန့်စံကွက်အနေဖြင့် ကျားသောင်ကျေးရွာအုပ်စု ကျားသောင်ကျေးရွာရှိ တောင်သူ ဦးတင်ငွေဦး၏ စိုက်ကွက် လေးဧကတွင် နိုဝင်ဘာ ၂၂



ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်မှုကော်မတီနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကျားသောင်ကျေးရွာအုပ်စုအတွင်း တောင်သူများအနေဖြင့် ဆီထွက် သီးနှံများစိုက်ပျိုးရာတွင် မြေပဲ၊ နှမ်း၊ နေကြာများစိုက်ပျိုးကြပြီး ဆောင်းနေကြာစိုက်ပျိုးရာတွင် သီးသန့်စိုက်ခင်းအနေဖြင့်လည်းကောင်း၊ မတ်ပဲများနှင့် ပင်ကြားတန်းကြားစိုက်ခင်းအနေဖြင့်လည်းကောင်း၊ စိုက်ပျိုးလေ့ရှိကြောင်းနှင့် စိုက်ပျိုးပြီး ဆောင်းနေကြာ စိုက်ပျိုးခင်းများကို မတ်လတွင် စတင်ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း နေကြာစိုက်တောင်သူထံမှ သိရသည်။

အဆိုပါ ဆောင်းနေကြာသီးသန့်စံကွက်ကို ဖြူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်မှုကော်မတီဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ကျေးရွာတောင်သူများ တက်ရောက်စုပေါင်း မျိုးစေ့ချစိုက်ပျိုးခဲ့သည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## မိုင်းယုဒေသ၌ စီးပွားဖြစ် ဆောင်းသီးနှံ ရွှေဖရုံများ စတင်ပျိုးထောင်

**မိုင်းယု နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် မိုင်းယုမြို့၌ ဒေသခံတောင်သူများသည် ဆောင်းသီးနှံများဖြစ်သည့် ကြက်သွန်၊ ငရုတ်၊ အာလူး၊ ခရမ်း၊ ခရမ်းချဉ်၊ ပဲအမျိုးမျိုးတို့ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိပြီး စီးပွားဖြစ်အနေဖြင့် ပြောင်းနှင့် ရွှေဖရုံများလည်း စိုက်ပျိုးကြရာ နိုဝင်ဘာလဆန်းပိုင်းမှ စတင်၍ရွှေဖရုံများကို စတင်ပျိုးထောင်စိုက်ပျိုးနေကြပြီဖြစ်သည်။

ရွှေဖရုံပင်၏ အသက်မှာ ရက် ၁၀၀ မှ ၁၂၀ အထိ ရှိသောကြောင့် သက်တမ်း လေးလအတွင်း ဆီးနှင်းကင်းသော အရပ်ဒေသတွင် စိုက်ပျိုးရန် ပိုကောင်းပြီး နွားချေးမြေသြဇာ တစ်ဧကလျှင် တန် ၂၀ မှ တန် ၃၀ အထိ ထည့်ပေးရန်လိုအပ်ကာ ကျန်ယူရီးယား ဓာတ်မြေသြဇာကို ရွှေဖရုံပင်များ ပန်းစပွင့်ချိန် ရွှေဖရုံခင်းအတွင်း ပက်ကြဲပေးရကြောင်း၊ ရွှေဖရုံကို မိုင်းယုဒေသ၌ မိုးဦးတွင် မေလနှင့် ဇွန်လ၊ ဆောင်းရာသီတွင် အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးကြကြောင်း တောင်သူများထံမှ သိရသည်။

ရွှေဖရုံကို မြေဆီသြဇာထက်သန်သည့် မြေကို ကြိုက်နှစ်သက်၍ နုန်းဆန်သောမြေဆီ၊ မြေနီသဲဝန်း၊ နုန်းစနယ်မြေများရှိသည့် ဒွန်းနွဲ့ကျေးရွာအုပ်စု၊ တာကြန့်ကျေးရွာအုပ်စုနှင့် မိုင်းလွေကျေးရွာအုပ်စုတို့ရှိ စိုက်ပျိုးမြေများတွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်းနှင့် ယခင်နှစ်က စိုက်ဧကပေါင်း ၁၇၅ ဧက ရှိပြီး ပေါက်ဈေးမှာ တစ်ကီလိုလျှင် ကျပ် ၂၀၀ ဈေး ရရှိကြောင်း သိရသည်။

**ကိုကိုနိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်(၂၈၁၁) (တပ်မြို့မြောက်ကွင်း)၊ ဦးပိုင်အမှတ်(A.7 ၁၈၃)၊ ဧရိယာ ဝ၁ဒသမ ၉၁၈ ဧက ရှိမြေကို ဦးကျော်မြင့်ဆန်း(ဘ)ဦးလှတင့် ၅/ကဘလ(နိုင်) ၁၁၇၁၈၈ သည် မြေကွက်တန်ဖိုးငွေအပြေအကျေ ပေးသွင်းပြီးဖြစ်ပါသဖြင့် မြေကွက်ချထားရေး အမိန့်ခွင့်ပြုချထားပေးနိုင် ပါရန် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ(ရွှေဘို)သို့ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီ(ရွှေဘို)ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ(ရွှေဘို)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဆဒ္ဒါန်လမ်း မြေကွက်အမှတ်(၂၀၀)ဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ (၃၀ x ၅၀ )ရှိသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစာရင်းဌာနတွင် ဦးနီအမည်ဖြင့် မြေချပါမစ်ရရှိထားသည့် မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၁၅ ပေx ပေ ၅၀) အကျယ်အဝန်းရှိ အိမ်ခြံမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှမြင့် ၁၂/ဥကမ(နိုင်)၁၆၂၄၆၅ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ချို၀င်း ၁၂/ဒဂန(နိုင်)၀၀၀၀၇၂၆ ကိုင်ဆောင်သူက ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နှင်းနန္ဒာထွန်း** — အထက်တန်းရှေ့နေ(စဉ်-၅၁၀၉၆)
**ဒေါ်မြတ်စုထွေး** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၃၀)

ရုံး-ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံး၀န်း၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၄၅၀၀၆၇၃၉၃၊ ၀၉-၅၁၈၇၂၈၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းခိုင် ၈/ဆပဝ(နိုင်)၁၀၉၆၇၈၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၁၁၁၀၆၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဇော်အောင် ၅/ကနန(နိုင်)၁၁၂၈၆၁ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၀၅၃၂၂၉၅

စာအုပ်
စာပေ
လူ့မိတ်ဆွေ

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးသူ ၅/စကန(နိုင်)၂၁၇၇၃၆၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၉၃၀၃၁၉၆

## ကြံခင်းမြို့၌ ဆောင်းရာသီနေကြာသီးနှံ မျိုးစေ့ထုတ်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ကြံခင်း နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းရာသီနေကြာသီးနှံမျိုးစေ့ထုတ် စိုက်ပျိုးကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကြံခင်းမြို့နယ် ဇီးပင်ကွင်းအုပ်စုရှိ တောင်သူဦးဝင်းနိုင်၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြခြင်းကို ကွင်းအမှတ်(၇၀)၊ ဦးပိုင်အမှတ်(၁၂၀)၊ တောင်သူ ဦးဝင်းနိုင်၏ လယ်မြေ(၂.၀၀)ဧက၌ကျင်းပရာ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြသည်။ ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၃၅ စုတွင် ၂၀၂၂-၂၀၂၃ ခုနှစ်ဆောင်းရာသီ နေကြာသီးနှံမျိုးစေ့ထုတ်စိုက်ပျိုးရန် သီးသန့် ၆၉၈၃ ဧကနှင့် သီးညှပ် ၂၃၂၇ ဧက စုစုပေါင်းဧက ၉၃၁၀ စိုက်ပျိုးရန် လျာထားကြောင်းနှင့် ယနေ့အထိ ဧက ၂၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက်အမှတ်(၃၂၄)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးမြင့်ဇော်(၃/ဘအန(နိုင်)၀၁၉၁၇၉) အမည်ပေါက်မြေချပါမစ်မြေကွက်အနက်မှ(ခေါင်းရင်းခြမ်း)အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့်နေအိမ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြရွှေ (၁၂/လကန(နိုင်)၀၃၆၂၁၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝင်းဝင်းဖြိုး** LL.B, D.B.L, D.I.L,U.F.L(Eng;) — အထက်တန်းရှေ့နေ(စဉ်–၃၇၈၂၄)
**ဦးဇော်မျိုးနိုင်** LL.B,D.B.L — အထက်တန်းရှေ့နေ(စဉ်–၄၅၆၅၃)

ဖုန်း– ၀၉ ၂၅၀၂၉၀၇၈၁၊ ၀၉ ၄၂၁၁၂၀၃၄၇
အမှတ်–(၇၂)၊မြေညီထပ်၊ဧမိုးရိပ်(၁၀)လမ်း(အပိုင်း–၄)၊ဧမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ချန်ပီယံဆုရအသင်း အား/ကာသိပ္ပံ - မြဝတီပွဲအပြီးတွင် အဖြေထွက်ပေါ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၄) ကို နိုဝင်ဘာ ၂၇ ရက်တွင် တစ်ရက်တည်း ကျင်းပမည်ဖြစ်ပြီး ချန်ပီယံအသင်းမှာလည်း အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း ပွဲအပြီးတွင် အဖြေထွက်ပေါ်မည်ဖြစ်သည်။

ပွဲစဉ် (၁၄) အဖြစ် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ Young Lionesses အသင်းနှင့် YREO အသင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း -၁ ၌ အား/ကာဦးစီးဌာနအသင်းနှင့် တနင်္သာရီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လက်ရှိအနေအထားအရ ချန်ပီယံဆုအတွက် သစ္စာအားမာန်အသင်းနှင့် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်း မျှော်လင့်ချက်ရှိနေပြီး သစ္စာအားမာန်အသင်းသည် ယနေ့ကစားမည့် နောက်ဆုံးနေ့တွင် ပွဲမပါဝင်သဖြင့် အား/ကာသိပ္ပံနှင့် မြဝတီ ပွဲရလဒ်ကိုသာ စောင့်ကြည့်ရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းသည် သစ္စာအားမာန်အသင်းထက် ဂိုးကွာခြားချက် အသာရထားသဖြင့် နောက်ဆုံးပွဲတွင် အနိုင်ရပါက ချန်ပီယံဆုကာကွယ်နိုင်မည်ဖြစ်ပြီး သရေ သို့မဟုတ် ရှုံးနိမ့်ပါက သစ္စာအားမာန်အသင်းက ချန်ပီယံဆုရရှိမည်ဖြစ်သည်။ မြဝတီအသင်းသည် ချန်ပီယံမျှော်လင့်ချက်မရှိသော်လည်း အနိုင်ရပါက ဒုတိယနေရာရယူနိုင်မည်ဖြစ်ရာ ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။ အား/ကာသိပ္ပံအသင်း ဗိုလ်စွဲပါက ဒုတိယအကြိမ် ဗိုလ်စွဲခြင်းဖြစ်ပြီး သစ္စာအားမာန်အသင်း ဗိုလ်စွဲပါက ပထမဆုံးအကြိမ် ဗိုလ်စွဲခြင်းအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

ပွဲစဉ် (၁၃) အပြီးတွင် သစ္စာအားမာန်အသင်းက ပွဲကုန် ၁၂ ပွဲကစားပြီး ၃၁ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၁ ပွဲကစား ၂၈ မှတ်၊ မြဝတီအသင်းက ၁၁ ပွဲကစား ၂၆ မှတ်၊ အား/ကာဦးစီးဌာနအသင်းက ၁၁ ပွဲကစား ၁၅ မှတ်၊ Young Lionesses အသင်းက ၁၁ ပွဲကစား ကိုးမှတ်၊ YREO အသင်းက ၁၁ ပွဲကစား ခြောက်မှတ်ရရှိထားပြီး တနင်္သာရီအသင်းမှာမူ ၁၁ ပွဲစလုံးအရှုံးနိမ့်ကာ အမှတ်မရသေးပေ။ သုဝဏ္ဏကွင်း၌ကျင်းပမည့် မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### မင်္ဂလာဒုံမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃၆

ဦးအောင်နိုင် **တရားလို** နှင့် ဒေါ်သောင်းညွန့် **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ ၅လမ်း၊အမှတ် (၆၀၆/က)နေ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်သောင်းညွန့် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်စာချုပ်ပါအတိုင်း မြေကွက်နှင့်နေအိမ်အား အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်ဦးလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့၊ဥဿာမြို့သစ်၊ရပ်ကွက်ကြီး(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊မြေ ကွက်အမှတ် (၂၁၃)၊ဧရိယာ ဝ၁ဒသမ ဝ၆၂ဧက အကျယ်အဝန်းရှိ ဦးတင်မြင့် အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ သုခအောင်လမ်း၊ အမှတ်(၈/၂၁၃)ဟုခေါ်တွင်သည့် နှစ်ထပ်တိုက်အိမ်တစ်လုံးအပါအဝင် အခြားအကျိုးခံစားခွင့်များအား မူလအမည်ပေါက် ဦးတင်မြင့် (ကွယ်လွန်)၏ သားသမီးများထံမှ ဒေါ်ငြိမ်းငြိမ်းအေး (ဘ)ဦးစိုးလွင် ၇/ပခန(ပြု)၀၀၀၅၃၁နှင့် ဦးမျိုးမင်းလတ် (ဘ)ဦးကြည်မြိုင် ၉/သစန(နိုင်)၁၉၈၃၅၇ တို့မှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့သာလျှင် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာတင့် ၇/ပခန(နိုင်)၂၉၅၀၆၅ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါကလည်းကောင်း၊ ကွယ်လွန်သူ ဦးတင်မြင့်၏ အမွေဆက်ခံ သားသမီးများရှိပါက လည်းကောင်း ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အဆိုပါ အရောင်းအဝယ်ကို ပြီးပြတ်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဂရန်အမည်ပြောင်းလဲခြင်း ကိစ္စရပ်ကိုလည်း တရားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇင်မင်းထွန်း(LL.B,D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၁၀၃)**
**အမှတ် (၀၉၈)၊ ဝိစာရဏာလမ်း၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃)ရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ် (F–၃၂)၊ ဧရိယာ ဝ ဒသမ ဝ၈၃ဧက ရှိမြေကို ဦးအောင်မင်းထွဋ်အမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ် (D–၄၂၅)၊ ဧရိယာ ဝ ဒသမ ဝ၅၆ ဧကရှိမြေကို ဦးအောင်မင်းထွဋ်၊ ဒေါ်တည်တည်စိုး အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/33926, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီမြင့် ၁၄/ဟသတ(နိုင်)၀၀၂၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## မိဘအမည်မှန်

ဓနုဖြူမြို့နယ်၊ တောကြီးကျေးရွာနေ အထက(ခွဲ)ကျောင်း Grade–9မှ နော်ခူးခူးစေးနှင့် Grade–4မှ စောနေထူးနိုင် တို့၏ မိဘအမည်မှန်မှာ စောသပွဲမူး ၁၄/ဓနဖ(နိုင်)၁၁၆၄၈၈ နှင့် နော်လွဲဖော ၁၂/မဘန (နိုင်) ၁၂၄၈၂၄ ဖြစ်ပါကြောင်း။

**စောသပွဲမူး၊ နော်လွဲဖော**

အလိမ္မာ စာမှာရှိ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၇၃ ဆူ | ၂၄၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၃ ခန်း | ၃၉၂ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၈ တိုင် | ၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၄၀ စုံ | ၂၆၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ စက်မှုဖွံ့ဖြိုးရေးဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ တိုးချဲ့၊ ဦးဝိစာရလမ်း၊ မြေကွက်အမှတ်(ဘီ-၁၈)၊ (၄၀×၆၀)ပေ အကျယ်ရှိ ဦးရန်မျိုးနိုင်(၉/မမန(နိုင်)၀၂၈၇၀၀) အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင် အကျိုးခံစားလျှက် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးရန်မျိုးနိုင်(၉/မမန(နိုင်) ၀၂၈၇၀၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးခိုင်ဝင်း(၉/မရတ (နိုင်) ၀၀၁၉၉၂)၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ပြည့်ဖြိုးလွင် (LL.B,D.B.L,D.I.L,D.M.L)** **ဦးအောင်ဇိုလ်ဟိန်း(LL.B)**

တရားလွှတ်တော်ရှေ့(စဉ်-၁၄၂၀၅/၂၀၁၈) အထက်တန်းရှေ့နေ(စဉ်-၅၂၈၅၂/၂၀၂၀)

**Pyi Thu Yadanar Law Firm** အမှတ်(၁၁၂)၊ အခန်း-၁၆၊ ပြည်လမ်းမ၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၇၇၇ ၇၅၆ ၇၄၂ ၊ ၀၉၄၄ ၆၆၆ ၆ ၂၇၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းနိုင်ချေ ၁၁/မပတ(နိုင်)၁၅၅၆၈၂၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၃၄၂၄၂၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ အင်တောမြို့၊ အမှတ်(၄)ရပ်ကွက်၊ (၈)လမ်းနေ ဒေါ်ဖြိုးနုလင်း၏ဖခင် ဦးမြင့်ရွှေ(ခ)ဦးမြင့်ဆွေ ၁၃/ဆဆန(နိုင်) ၀၃၉၉၀၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ထားဝယ်ခရိုင်
## (၃/၂၀၂၂-၂၀၂၃) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်း(ဖြည့်စွက်) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သော စံချိန်စံညွှန်းမီအရည်အသွေးပြည့်ဝသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၇-၁၂-၂၀၂၂ရက် (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် | - | ၁၄-၁၂-၂၀၂၂ရက် မွန်းလွဲ ၂နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့/အချိန် | - | ၁၆-၁၂-၂၀၂၂ရက် နံနက် ၀၉:၃၀နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့ |

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆက်သွယ်စုံစမ်းနိုင်သည့် ဖုန်းနံပါတ်များ၊ ၀၅၉-၂၁၀၂၃၊ ၀၉-၇၉၈၆၃၉၀၄၂၊ ၀၉-၄၂၀၇၂၄၅၆၁

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လှိုင်လှိုင်ဝင်း ၁၁/မဥန(နိုင်)၁၇၉၇၂၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၃၄၂၄၂၃**

## ဖခင်အမည်မှန်

အထက(၂) တာမွေ Grade(7)(A)တွင် ပညာသင်ကြားနေသော မအိမွန်စု၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းအောင် ၁၁/မပတ(နိုင်)၁၁၆၁၆၈ ဖြစ်ပါကြောင်း။

**ဦးသန်းထွန်းအောင်**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၈၉၂)၊ မအူလေးပင်ကွင်း၊မြေကွက်အမှတ် (၁၈၄၂/၁၈၆၂)၊ ဧရိယာ ၁၀ ဒသမ ၂၆ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်

| | | |
|---|---|---|
| (က) | အရှေ့လားသော် | - ပျဉ်းမနား-တောင်ညိုလမ်း |
| (ခ) | အနောက်လားသော် | - ဦးပြုံးလယ်မြေ |
| (ဂ) | တောင်လားသော် | - ဦးတင်မောင်ကျော် လယ်မြေ |
| (ဃ) | မြောက်လားသော် | - ဦးအုံးငွေ၊ ဒေါ်အေး ယာမြေ |

အထက်ဖော်ပြပါမြေကို ဘိုးဘပိုင်အမည်ပြောင်းပေးပါရန် ဦးကျော်ကျော်ဝင်းမှ လျှောက်ထားလာသည့်အတွက် ယင်းအမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်းကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၄ရက် မတိုင်မီဆိုင်ရာစာရွက်စာတမ်းအထောက်အထားနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ဥတ္တရသီရိမြို့နယ်**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ်(၁)၊အထက၊Grade-8မှ မသဉ္ဇာခိုင်၏ ဖခင်အမည်မှန်မှာ ဦးသတိုးစော ၁၄/မမက (နိုင်)၃၃၂၀၄၃ ဖြစ်ပါကြောင်း။

**ဦးသတိုးစော**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နန်းချို့နွယ်အောင် ပိုင်ဆိုင်သောရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၄၇ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်၈၂၆၏အခွန်ကြေ စာရွက် (၀င-၈) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၃၁၃၀၀၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဖက်ကွန်ကျေးရွာအုပ်စု အုံးအားရွာနေ ကျွန်မ ဒေါ်နန်းကျင်း(ခ)နန်းစိန် ၁၃/တကန(နိုင်) ၂၁၈၀၉၄၏အမည်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် မနန်းကျင်း(ခ)နန်းစိန်ဟုလည်းကောင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မနန်းကျင်ဟုလည်းကောင်း၊ ဥပဒေဘွဲ့လက်မှတ်တွင် မနန်းကျင်းဟု လည်းကောင်း၊ အိမ်ထောင်စု လူဦးရေစာရင်းတွင် နန်းစိန်ဟုလည်းကောင်း ကွဲလွဲနေပါသဖြင့် ကျွန်မ မနန်းကျင်း(ခ)နန်းစိန်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဖက်ကွန်ကျေးရွာအုပ်စု၊ အုံးအားရွာနေ ကျွန်မ ဒေါ်နန်းကျင်း(ခ)နန်းစိန် ၁၃/တကန(နိုင်) ၂၁၈၀၉၄၏ ဖခင်အမည်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်းနှင့် ဘွဲ့လက်မှတ်တွင် ဦးဆိုင်ဟုလည်းကောင်း၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်တွင် ဦးဝင်းဖာဆိုင်ဟု လည်းကောင်း အမည်(၂)မျိုး ကွဲလွဲနေပါသဖြင့် ကျွန်မ၏ဖခင် ဦးဆိုင်(ခ)ဦးဝင်းဖာဆိုင်မှာ လူပုဂ္ဂိုလ် တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ အကွက်အမှတ် (၅၅၊ သီလ၀-၁)၊ မြေကွက်အမှတ် (၂၃၈)အား မြို့မြေတိုးချဲ့ ရေးလုပ်ငန်းကော်မတီမှ ဦးလှသိန်းအမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ် (၂၃၉)အား ဦးသန်းအောင်အမည်ဖြင့်လည်းကောင်း၊ အသီးသီးမြေကွက်ချထားပေးခဲ့ပါကြောင်း၊ အဆိုပါ မြေကွက်ချထားပေးသည့် မြေကွက်အမှတ် (၂၃၈)ကို ဦးလှသိန်းထံမှ ဦးတင်မောင်ဝင်း-ဒေါ်နီနီရွှေက ဝယ်ယူခဲ့ပြီး၊ ဦးသန်းအောင် အမည်ဖြင့်ရရှိထားသည့် မြေကွက်အမှတ် (၂၃၉)ကို ၎င်းဇနီးဖြစ်သူ ဒေါ်ကျင်မြထံမှ ဦးတင်မောင်ဝင်း-ဒေါ်နီနီရွှေက ဝယ်ယူခဲ့ပါသည်။ ထိုသို့ဝယ်ယူထားသည့် မြေကွက်အမှတ် (၂၃၈)နှင့် (၂၃၉) တို့အား ဒေါ်နီနီရွှေအမည်ဖြင့် မြေငှားဂရန်လျှောက်ထားပြုလုပ်ပေးနိုင်ပါရန် တင်ပြလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် ဤဌာန/ရုံးသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**ရမည်းသင်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/13744, Yumde-110, M/C ယာဉ်လက်ဝယ်ရှိသူ Good Son Co.,Ltd. က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ် (၁၀/တောင်-၁၃)ဇေယျဝတီ(၁)လမ်း၊ မြေကွက် အမှတ် (၂၀၈၈/ခ)၊ မြေအကျယ်အဝန်း (၂၀x၆၀)ပေ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် တရားဝင် အမည်ပေါက် ဦးတင်ရွှေ(ခ) ဦးအေးမောင်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသော ဦးတင်ရွှေ၏ ဇနီး ဒေါ်စိန်မြင့် ၁၂/သကတ(နိုင်)၀၅၃၇၉၃ တို့သည် ဝယ်ယူသူ ဒေါ်သက်ထားဦးအား အပြီးအပိုင်ရောင်းချရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် လက်ခံရရှိထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပြီး ကန့်ကွက်ရန်မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင်**
**အထက်တန်းရှေ့နေ (စဉ် -၄၃၁၉၈)**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စောပိ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၃၇ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်၁၂၅၏ အခွန်ကြေစာရွက် (၀င-၈) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၃၁၃၀၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

